# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၃၅၅)၊ ၁၃၈၇ ခုနှစ် ၊ နတ်တော်လဆန်း ၈ ရက် ၊ ၂၇-၁၁-၂၀၂၅၊ ကြာသပတေးနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံ အုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ် တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေး အတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ တို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။

## ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို၏ ကိုယ်ရေးအကျဉ်း



မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို ကို ၁၉၅၄ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်တွင် ဘယ်လာရုစ်သမ္မတနိုင်ငံ၊ အိုရှာခရိုင်၊ ကိုပိစ်မြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် ရှခ်လိုဗ်ခရိုင်၊ အလက်ဇန်းဒရီးယားမြို့ရှိ အထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် ကူလယ်ရှော့မိုဂီလက်ဗ်ဆရာအတတ်သင်တက္ကသိုလ်မှ သမိုင်းဘာသာရပ်ဖြင့် ဘွဲ့ရရှိခဲ့ပြီးနောက် ၁၉၈၅ ခုနှစ်တွင် ဘယ်လာရုစ် စိုက်ပျိုးရေးတက္ကသိုလ်မှ စီးပွားရေး ဒီပလိုမာဘွဲ့ကို ရရှိခဲ့သည်။

၁၉၇၅ ခုနှစ်တွင် စတင် စစ်မှုထမ်းဆောင်ခဲ့ပြီး နယ်ခြားစောင့်တပ်တွင် လည်းကောင်း၊ အနောက်ပိုင်း နယ်နိမိတ်ခရိုင် (ဘရက်စ်) တွင် နိုင်ငံရေးရာ နည်းပြဆရာအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၂ ခုနှစ်အထိ ဆိုဗီယက်တပ်မတော် တပ်ရင်းတပ်ဖွဲ့တစ်ခု၏ ဒုတိယတပ်ဖွဲ့မှူး (နိုင်ငံရေးအရာရှိ) အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၎င်းသည် ၁၉၇၇ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ မိုဂီလက်ဗ်ဒေသ၏ အစားအသောက် ကွပ်ကဲရေးဆိုင်ရာ ကွန်ဆိုမိုးလ်ကော်မတီ၏ အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ မိုဂီလက်ဗ်ဒေသ အိုကြာဘစ်စကီခရိုင် စီမံခန့်ခွဲရေးကော်မတီ၏ သင်တန်းနည်းပြဆရာအဖြစ် လည်းကောင်း၊ ရှခ်လိုဗ်ခရိုင် ဇနာနီ အများပြည်သူပိုင် အဖွဲ့အစည်း၏ အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ ရှခ်လိုဗ်ခရိုင်၊ အူဒါနစ် စုပေါင်း လယ်ယာလုပ်ငန်း၏ ဒုတိယဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ရှခ်လိုဗ်ဆောက်လုပ်ရေးပစ္စည်းစက်ရုံ၏ ဒုတိယညွှန်ကြားရေးမှူးအဖြစ် လည်းကောင်း၊ လီနင် စုပေါင်းလယ်ယာလုပ်ငန်း၏ အတွင်းရေးမှူးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် အသက် ၃၃ နှစ်အရွယ်တွင် ရှခ်လိုဗ်ခရိုင်၊ ဂိုရိဒက်နိုင်ငံပိုင် လယ်ယာလုပ်ငန်း၏ ညွှန်ကြားရေးမှူးအဖြစ် ခန့်အပ်ခြင်းခံခဲ့ရပြီး ၁၉၈၇ ခုနှစ်မှ ၁၉၉၄ ခုနှစ်အထိ ယင်းလုပ်ငန်းကို ဦးဆောင်ခဲ့သည်။

မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုသည် ၁၉၉၀ ပြည့်နှစ်တွင် ဘယ်လာရုစ် ဆိုဗီယက် ဆိုရှယ်လစ် သမ္မတနိုင်ငံ၏ အဓိပတိကောင်စီတွင် အဖွဲ့ဝင်အဖြစ် ရွေးချယ်တင်မြှောက်ခံရပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးအဖွဲ့များအောက်တွင် ဖွဲ့စည်းထားသည့် ကုန်သွယ်ရေးအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များအား ကြပ်မတ်စစ်ဆေးသည့် ကော်မရှင်ကို ဦးဆောင်ခဲ့သည်။

၁၉၉၃ ခုနှစ်၊ ဇွန်လတွင် လွှတ်တော်၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ကို ဦးဆောင်ခဲ့ပြီးနောက် ၁၉၉၄ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်မှ ယနေ့အထိ ဘယ်လာရုစ်သမ္မတနိုင်ငံ၏ သမ္မတအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

## ၂၀၂၅ ခုနှစ် အကြိမ် (၆၀) မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာကျင်းပပြီးစီး၊ အုပ်စု(အေ၊ ဘီနှင့် စီ)တို့မှ ကျောက်စိမ်းအတွဲပေါင်း ၄၁၈၃ တွဲ ရောင်းချရ

နေပြည်တော် နိုဝင်ဘာ ၂၆

၂၀၂၅ ခုနှစ် အကြိမ် (၆၀) မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။



ယနေ့တွင် ပြပွဲနဝမနေ့တွင် ဖွင့်ဖောက် စစ်ဆေးထားသည့် အုပ်စု(စီ) မှ ကျောက်စိမ်းအတွဲပေါင်း ၆၈၅ တွဲအနက် ကျောက်စိမ်းအတွဲပေါင်း ၆၆၁ တွဲကို ပြည်တွင်းပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ရကြောင်း ထုတ်ပြန်ကြေညာသည်။

ယခုကျင်းပသည့် ၂၀၂၅ ခုနှစ် အကြိမ် (၆၀) မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲအတွင်း ပုလဲအတွဲပေါင်း ၄၈၉ တွဲအနက်မှ ပုလဲအတွဲပေါင်း ၄၄၃ တွဲ၊ ကျောက်မျက်အတွဲပေါင်း ၁၆၀ အနက်မှ ကျောက်မျက်အတွဲပေါင်း ၆၇ တွဲ၊ အုပ်စု(အေနှင့်ဘီ)တို့မှ ကျောက်စိမ်းအတွဲပေါင်း ၂၉၀၀ အနက်မှ ကျောက်စိမ်းအတွဲပေါင်း ၂၁၁၀၊ အုပ်စု(စီ) မှ ကျောက်စိမ်းအတွဲပေါင်း ၂၁၈၅ အနက်မှ ကျောက်စိမ်းအတွဲပေါင်း ၂၀၇၃ တွဲကို နေ့ရက်အလိုက် ပြည်တွင်းပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးနိုင်ခဲ့သည်။

၂၀၂၅ ခုနှစ် အကြိမ် (၆၀) မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေ ရှာဖွေပေးနိုင်ရန်၊ နိုင်ငံသားများအတွက် စီးပွားရေးအကျိုးဖြစ်ထွန်းမှုများ ရရှိနိုင်စေရန်၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရန်အတွက် အထောက်အကူပြုနိုင်ရန် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၏ စီစဉ်မှုဖြင့် နိုဝင်ဘာ ၁၇ ရက်မှ ၂၆ ရက်အထိ နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း သိရသည်။

သတင်း-မင်းကျော်စွာ

ဓာတ်ပုံ-ကိုအေးသန်း

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် နိုဝင်ဘာ ၂၆

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ နေပြည်တော်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။ မိုး/ဇလ

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၂၇ ရက်၊ ကြာသပတေးနေ့။

မန္တလေးနေ့စဉ်

# ကျန်းမာခြင်းသည် လာဘ်တစ်ပါး

လူတိုင်းအတွက် အရေးကြီးဆုံးမှာ ကျန်းမာရေးကောင်းနေဖို့ လိုအပ်မည်ဖြစ်သည်။ ငွေကြေးချမ်းသာသော်လည်း ကျန်းမာရေး မပြည့်စုံပါက ချမ်းသာသုခ၏ အရသာကိုခံစားနိုင်မည်မဟုတ်ပါ။ "ကျန်းမာမှ စိတ်ရွှင်" ဟူသော စကားပုံအတိုင်းပင် ကျန်းမာရေး မကောင်းသူတစ်ဦးမိမိတို့၏ မိသားစုထဲတွင် ပါဝင်လာပါကပထမ ကာယကံရှင်ကိုယ်တိုင် စိတ်ပျက်မည်ဖြစ်သည်။ ကျန်းမာရေးမကောင်းသူနှင့်ပတ်သတ်သူ မိသားစုဝင်များအလုပ်အကိုင်ပျက်မည် ဖြစ်သည်။ ထို့ပြင် ငွေကြေးမပြည့်စုံသော်လည်း ကျန်းမာရေးကောင်းမွန်နေပါက စိတ်၏ချမ်းသာခြင်းကို ရရှိမည်ဖြစ်သည်။ လုပ်ငန်းတာဝန်အဝဝကို ချိန်ခါမရွေး တက်ကြွလန်းဆန်းစွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် "အာရောဂျံ ပရမံလာဘံ ကျန်းမာခြင်းသည် လာဘ်တစ်ပါး" ဟူသော အဆိုရှိသည်။ လူတိုင်းလူတိုင်း လူ့လောကထဲသို့ ရောက်ရှိလာလျှင် ဘဝကို တန်ဖိုးရှိစွာ ဖြတ်သန်းဖို့ လိုအပ်မည်ဖြစ်သည်။ ထိုသို့ ဖြတ်သန်းနိုင်ရန်အတွက် ကျန်းမာရေးကောင်းမွန်ဖို့လိုအပ်မည်ဖြစ်သည်။ ကျန်းမာမှ ပညာသင်ကြားနိုင်မည်။ ကျန်းမာမှ အလုပ်လုပ်နိုင်မည်။ ကျန်းမာမှ စီးပွားရှာနိုင်မည်။ ကျန်းမာမှ စိတ်ချမ်းသာနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ကျန်းမာရေးကို အဓိကထားကာ အသက်ရှည်ခြင်း၊ အနာမဲ့ခြင်း၊ အဆင်းလှခြင်း၊ ခွန်အားကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်းတို့ဖြင့် ပြည့်ဝလိုကြောင်း လူတိုင်းလူတိုင်း ဆုတောင်းကြခြင်းဖြစ်သည်။

ကျန်းမာရန်အတွက် အရေးကြီးဆုံးသောအချက်သည် သန့်ရှင်းစင်ကြယ်မှုရှိရေးဖြစ်သည်။ တစ်ကိုယ်ရေသန့်ရှင်းကျန်းမာခြင်း ဟူသော ဆောင်ပုဒ်အရ မိမိကိုယ်ကိုမိမိသန့်ရှင်းစွာ နေထိုင်စားသောက်တတ်ရန် လိုအပ်မည်ဖြစ်သည်။ ထိုမှတစ်ဆင့် မိမိပတ်ဝန်းကျင်ကို သန့်ရှင်းမှုရှိစေရန် ဆောင်ရွက်ကြရမည်ဖြစ်သည်။ အိမ်တွင်းအိမ်ပြင် သန့်ရှင်းမှုမှ ရပ်ကွက်ကျေးရွာအလိုက် သန့်ရှင်းရေးလုပ်ငန်းများကို လုပ်ကိုင်ကြရမည်ဖြစ်သည်။ ထို့ပြင် တစ်ကိုယ်ရေသန့်ရှင်းရုံ မိမိပတ်ဝန်းကျင် သန့်ရှင်းရုံမျှဖြင့် မပြီးသေးပါ။ "အိမ်၊ လမ်း၊ ရွာ၊ ကျောင်း၊ သန့်ရှင်းကြောင်း၊ စုပေါင်းအမှိုက်သိမ်း" ဆိုသည့် ဆောင်ပုဒ်အရ ပတ်ဝန်းကျင်တစ်ခုလုံး သန့်ရှင်းရေးအတွက် စုပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ လူတိုင်းလူတိုင်း ကျန်းမာဖို့အတွက် အစားအစာကို ရွေးချယ်စားသောက်တတ်ခြင်းသည်လည်း ကျန်းမာရေးအတွက် လိုအပ်ချက်ဖြစ်သည်။ ထို့ပြင် ဆီနှင့်အငန်ဓာတ်ကို လျှော့ကဲစွာစားခြင်း၊ သုံးစွဲခြင်းတို့ကို ရှောင်ကြဉ်ရမည်ဖြစ်သည်။ စာရေးနေရေးအပြင် ဝတ်စားဆင်ယင်မှုမှာလည်း ကျန်းမာရေးအတွက် လိုအပ်မည်ဖြစ်သည်။ ပူပြင်းသောအခါ ပေါ့ပေါ့ပါးပါး အေးမြသောအဝတ်ကို ဝတ်ဆင်ကြရမည်ဖြစ်သည်။ မိုးရွာထဲတွင် အကာအကွယ်မပါဘဲ မသွားသင့်သလို ဆောင်းအခါ၌ ထူထဲနွေးထွေးစွာ ဝတ်ဆင်ကြရမည်ဖြစ်သည်။ လူတိုင်းလူတိုင်း အနားယူခြင်းသည်လည်း ကုန်ခန်းသွားသောအင်အားကို ဖြည့်တင်းပေးရာ ရောက်သည့်အပြင် စိတ်၏အပန်းဖြေမှုလည်းဖြစ်သည်။ အချိန်ဟူသည် အသက်ရှင်နေသရွေ့ ရှိနေဦးမည့်အရာပင်ဖြစ်သည်။ အချိန်ကိုလည်း သူ့နေရာနှင့်သူ သတ်မှတ်အသုံးချရမည်ဖြစ်သည်။ အချိန်ကို အလေးမထားဘဲ အအိပ်အစား မမှန်ပါက ကျန်းမာရေးကို အန္တရာယ်ပြုလာမည်ကို သတိပြုဆင်ခြင်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ "ကျန်းမာခြင်းသည် လာဘ်တစ်ပါး" ပင်ဖြစ်ရာရခဲလှသည့်လူ့ဘဝတွင် အသက်ရှည်ရှည်နှင့်လူသားများ ကောင်းကျိုးဆောင်ရွက်နိုင်ရန် ကျန်းမာရေးနှင့်ပြည့်စုံဖို့လိုအပ်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေးဟောပြောပွဲ၊ စာအုပ်၊ စာစောင်နှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**အမရပူရ နိုဝင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေးဟောပြောပွဲ၊ စာအုပ်စာစောင်နှင့် နံရံကပ်စာစောင်ပြပွဲကို ယနေ့နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန(Community Centre)ခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးမင်းက အသိပညာပေး ဟောပြောပွဲ ကျင်းပပြုလုပ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး ကျောင်းသား၊ ကျောင်းသူလေးများအား ကလေးအလုပ်သမားဖြစ်ရခြင်း အကြောင်းအရင်းများ၊ ကလေး အလုပ်သမားဟူသည်၊ ကလေး အလုပ်သမားရင်ဆိုင်ရခြင်း၊ အလုပ်ရှင်များ၏ တုံ့ပြန်ချက်များနှင့် စိစစ်ခြင်းများ ကလေး အလုပ်သမားပပျောက်ရေး ရည်မှန်းချက်သုံးရပ် စသည့်အကြောင်းအရာများကို အသိပညာပေးဟောပြောဆွေးနွေးခဲ့သည်။

ထို့နောက် ဟောပြောပွဲသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူလေးများက ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် နံရံကပ်စာစောင် များကို စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြပြီး ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**စိုးသီဟ**

ဝ-ဝ-ဝ-ဝ-ဝ

## စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ ဆောင်ရွက်

**မန္တလေး နိုဝင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျောင်းသား၊ ကျောင်းသူလူငယ်များ အသိပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်ပြီး ဗလငါးတန်နှင့် ပြည့်စုံလာစေရန်၊ စာဖတ်စွမ်းရည်များပိုမိုမြင့်မားတိုးတက်လာစေရန် ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက အမှတ် ၃၁ အခြေခံပညာအထက်တန်းကျောင်းတွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ဟောပြောပွဲတွင် ဒုတိယဦးစီးမှူး ဒေါ်မြင့်ကေသွယ်ခိုင်က ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာအရွယ်ကစ၍ စာဖတ်သည့် အလေ့အထနှင့် အလေ့အကျင့်ကောင်းများရရှိလာစေရန်၊ စာအုပ်များနှင့် ရင်နှီးကျွမ်းဝင်မှုရှိလာပြီး စာပေတွင် မွေ့လျော်ကာ မိမိတို့၏ ကိုယ်ပိုင်အချိန်များကို အကျိုးရှိစွာ အသုံးချတတ်လာစေရန်၊ အခြေခံပညာမှ အဆင့်မြင့်ပညာအထိ အတန်းစဉ်အလိုက် ဘက်စုံထူးချွန်ထက်မြက်သည့် ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်လူရွယ်များ ပေါ်ထွက်လာစေရန် စသည်တို့ကို အသိပညာပေး ဟောပြောခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတ ရရှိစေရန်အတွက် သုတ၊ ရသစာအုပ် ၂၃၀ အုပ်တို့ကို အခမဲ့ ငှားရမ်းပေးခဲ့သည်။

အဆိုပါ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ ခင်းကျင်းပြသထားသည့် အသိပညာပေးနံရံကပ်စာစောင်များနှင့် သုတရသစာအုပ်များကို စိတ်ပါဝင်စားစွာဖြင့် လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**အလင်းသစ်**

ဝ-ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး နိုဝင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ ၁၉လမ်းနှင့် လမ်း ၆၀ထောင့်၊ ဘောလုံးကွင်းရှေ့နှင့် အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ ပန်းပဲတန်းရပ်၊ တောင်မြို့ဆေးရုံမြောက်ဘက်၊ မဟာဂန္ဓာရုံအနောက်ဘက်တို့တွင် ရောင်းချပေးခဲ့သည်။




သက်သာဈေးရောင်းချမည့် အစီအစဉ်များကို နိုဝင်ဘာ ၂၇ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ၅၈ လမ်း၊ ၃၈လမ်းနှင့် ၃၉လမ်းကြားတွင်လည်းကောင်း၊ နိုဝင်ဘာ ၂၈ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁ လမ်းနှင့် ၇၂လမ်းကြားနှင့် အောင်မြေသာစံမြို့နယ်၊ အိုးဘိုရပ်ကွက်၊ ၁လမ်း၊ ၇၅လမ်းနှင့် ၇၆လမ်းကြားတွင်လည်းကောင်း ရောင်းချပေးသွားမည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှု အစီအစဉ်ကို မန္တလေးတိုင်း ဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

**သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ (မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

## အကျဉ်းသား အကျဉ်းသူ ၇၂၄ ဦး ပြစ်ဒဏ် လွတ်ငြိမ်းခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ
အမိန့်အမှတ်၊ ၁၀ /၂၀၂၅
၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်
(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်)
ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်သူလူထုတစ်ရပ်လုံးက လိုလားတောင့်တသည့်ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေးအတွက် အဓိကထားဆောင်ရွက်လျက်ရှိသည့်အားလျော်စွာ ပြည်သူလူထု ပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဦးတည်ချက်ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ မကြာမီကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူအားလုံး ဆန္ဒမဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးနှင့် လွတ်လပ်မျှတစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က အရ ပြစ်မှုထင်ရှားစီရင်ခံရပြီး အကျဉ်းထောင်/အချုပ်ထောင်/အကျဉ်းစခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/ အကျဉ်းသူ ၇၂၄ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁) အရ **"နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

## အကျဉ်းသား အကျဉ်းသူ ၂၃၆၁ ဦး ပြစ်ဒဏ် လွတ်ငြိမ်းသက်သာခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ
အမိန့်အမှတ်၊ ၁၁ /၂၀၂၅
၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်
(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်)
ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်သူလူထုတစ်ရပ်လုံးက လိုလားတောင့်တသည့်ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေးအတွက် အဓိကထားဆောင်ရွက်လျက်ရှိသည့်အားလျော်စွာ ပြည်သူလူထု ပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဦးတည်ချက်ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ မကြာမီကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူအားလုံး ဆန္ဒမဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးနှင့် လွတ်လပ်မျှတစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က အရ ပြစ်မှုထင်ရှားစီရင်ခံရပြီး အကျဉ်းထောင်/အချုပ်ထောင်/အကျဉ်းစခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/ အကျဉ်းသူ ၂၃၆၁ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ လွတ်ငြိမ်းသက်သာခွင့်ပြုလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

## တရားစွဲဆိုခံရသူ ၅၅၈၀ ဦးတို့၏ ကြားနာစစ်ဆေးဆဲအမှုများ ပိတ်သိမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ
အမိန့်အမှတ်၊ ၁၂ /၂၀၂၅
၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်
(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်)
ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့်
ကြားနာစစ်ဆေးဆဲအမှုများကို ပိတ်သိမ်းခြင်း

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်သူလူထုတစ်ရပ်လုံးက လိုလားတောင့်တသည့်ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေးအတွက် အဓိကထားဆောင်ရွက်လျက်ရှိသည့်အားလျော်စွာ ပြည်သူလူထု ပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဦးတည်ချက်ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ မကြာမီကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူအားလုံး လွတ်လပ်မျှတစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့်လည်းကောင်း၊ ယင်းပြစ်မှုဖြင့် ထွက်ပြေးတိမ်းရှောင်နေသဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ ဖြင့်လည်းကောင်း တရားစွဲဆိုခံရသူ ၅၅၈၀ ဦးတို့၏ ကြားနာစစ်ဆေးဆဲအမှုများကို ပိတ်သိမ်း၍ တရားခံများအား အမှုမှလွှတ်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

# တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ၏ ဒုတိယအဆင့် ကျောက်မီးသွေး အခြောက်ခံစက် ဖွင့်ပွဲကျင်းပ



နေပြည်တော် နိုဝင်ဘာ ၂၆

တီကျစ် ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေး စက်ရုံ၏ ဒုတိယအဆင့် ကျောက်မီးသွေး အခြောက်ခံစက်ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ်ရှိ တီကျစ် ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ၌ ကျင်းပသည်။

အဆိုပါ ဖွင့်ပွဲသို့ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင် ဦးခွန်စံလွင်၊ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေး၊ ပြည်နယ် ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဝူရှီးဟွာကွမ်း ကုမ္ပဏီလီမိတက် (Wuxi Hua Guang (Myanmar) Co., Ltd)၊ ဒေင်စွမ်းအင်နှင့် သဘာဝအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်နှင့် မနောရောအထွေထွေ ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်တို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေး စက်ရုံ၏ ဒုတိယအဆင့်ကျောက်မီးသွေးအခြောက်ခံစက် ဖွင့်ပွဲကို လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေး ကော်မရှင်ဥက္ကဋ္ဌ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာများ ပက်ဖျန်းပေးကြကာ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် လျှပ်စစ်နှင့်စွမ်းအင် ဖွံ့ဖြိုးရေးကော်မရှင် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် တီကျစ် ကျောက်မီးသွေးသုံး ရေနွေးငွေ့ ဓာတ်အားပေးစက်ရုံ၏ ဒုတိယ အဆင့် ကျောက်မီးသွေးအခြောက်ခံစက် မောင်းနှင်နေမှုနှင့် ဓာတ်အား ထိန်းချုပ်ခန်းအတွင်း နိုင်ငံတော် ဓာတ်အားစနစ်သို့ ချိတ်ဆက်ပြီး လျှပ်စစ်ဓာတ်အားများ ပို့လွှတ်ပေးနေမှုတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကာ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကုမ္ပဏီမှ ဝန်ထမ်းများအား ဂုဏ်ပြုသစ်သီးခြင်းနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

ယင်းနောက် ရှင်းလင်းဆောင်တွင် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းက နိုင်ငံတော်အတွင်း လျှပ်စစ်ဓာတ်အား လိုအပ်ချက်များကို ဖြည့်ဆည်း ပေးနိုင်ရန်အတွက် ဓာတ်အားပေး စက်ရုံစီမံကိန်းများကို ကာလတို/ ကာလလတ်/ ကာလရှည် အစီအမံများချမှတ်ပြီး ဆောင်ရွက်လျက်ရှိသည့် အပြင် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကိုလည်း ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောက်မီးသွေးလောင်စာ အသုံးပြု၍ ဓာတ်အား ထုတ်လုပ်ခြင်းသည် နိုင်ငံတော် ဓာတ်အားစနစ်အတွက် တည်ငြိမ်သော လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ပေးနိုင်သော်လည်း လက်ရှိမြန်မာနိုင်ငံတွင် ကျောက်မီးသွေးအသုံးပြုပြီး ဓာတ်အားထုတ်လုပ်လျက်ရှိသည့် ပမာဏသည် အိမ်နီးချင်းနိုင်ငံများနှင့် အာဆီယံဒေသတွင်း နိုင်ငံတို့နှင့် နှိုင်းယှဉ်ပါက နည်းပါးလျက်ရှိကြောင်း။

မြန်မာနိုင်ငံတွင် ကျောက်မီး သွေးသယံဇာတ များစွာရှိသည့် အနက် ဆပ် ဘစ်တူးမင်းနပ်စ် (Sub-bituminous) အမျိုးအစား ကျောက်မီးသွေးများအား အများဆုံးတွေ့ရှိရကြောင်း၊ နိုင်ငံတော်၏ လျှပ်စစ်နှင့် စွမ်းအင်လိုအပ်ချက်ကို ပြည့်မီစွာဖြည့်ဆည်းပေးနိုင်ရေးအတွက် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများကို တိုးမြှင့်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ယခုကဲ့သို့ အခြောက်ခံစက်အသုံးပြုခြင်းဖြင့် အပူစွမ်းအင် ထုတ်လုပ်မှု ပိုမိုမြှင့်တင်နိုင်ပြီး လျှပ်စစ်ထုတ်လုပ်မှု စွမ်းရည် (Efficiency) တိုးတက်အောင် ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ အဆင့်မြင့်နည်းပညာ (Advanced Technology)များ အသုံးပြု၍ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသည့် ဓာတ်ငွေ့ထုတ်လွှတ်ခြင်းကို လျှော့နည်းစေသော လျှပ်စစ်ဓာတ်အားများစွာကို စီးပွားရေးတွက်ခြေကိုက်စွာ လက်တွေ့ ကျကျ စာမျက်နှာ ၄ သို့

# (၂၆)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များအစည်းအဝေး (26th ASEAN Chiefs of Army Multilateral Meeting-26th ACAMM)သို့ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၆**

စင်ကာပူနိုင်ငံ၌ ကျင်းပပြုလုပ်သည့် (၂၆) ကြိမ်မြောက် အာဆီယံကြည်းတပ် ဦးစီးချုပ်များ အစည်းအဝေး(26th ASEAN Chiefs of Army Multilateral Meeting-26th ACAMM)သို့ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကိုယ်စားတက်ရောက်ရန်အတွက် စင်ကာပူနိုင်ငံသို့ ရောက်ရှိနေသည့် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် စင်ကာပူနိုင်ငံရှိ Pan Pacific Hotel ၌ ကျင်းပပြုလုပ်သည့် (၂၆) ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များ အစည်းအဝေး(26th ACAMM) နှင့် (၁၃)ကြိမ်မြောက် အာဆီယံလုပ်သက်ရင့်အရာခံဗိုလ်များ နှစ်ပတ်လည် အစည်းအဝေး (13rd ASMASM)တို့၏ ပူးတွဲဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။




အစည်းအဝေးတွင် စင်ကာပူကာကွယ်ရေးဝန်ကြီးချန်ချွန်စင်း(Mr. Chan Chun Sing) က အဖွင့်မိန့်ခွန်းပြောကြားပြီး တက်ရောက်လာကြသော အာဆီယံကြည်းတပ်ဦးစီးချုပ်များနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက အစည်းအဝေးခေါင်းစဉ်ဖြစ်သော "ရာသီဥတုပြောင်းလဲမှုများနှင့်အတူ ပိုမိုထိရောက်သော HADR လုပ်ငန်းစဉ်များ ကြိုတင်ပြင်ဆင်ရေး (Climate Adaptation in HADR Operations)" နှင့်အညီ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကာ မွန်းလွဲပိုင်းတွင် အစည်းအဝေး ပြီးဆုံးခဲ့သည်။ ထို့နောက် (၂၆)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များ အစည်းအဝေး(26th ACAMM)၏ ပူးတွဲကြေညာချက်အား သဘောတူညီခဲ့ကြပြီး တက်ရောက်လာကြသည့်အာဆီယံကြည်းတပ်ဦးစီးချုပ်များနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ဘရူနိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် ဗိုလ်မှူးချုပ် Aldi bin Haji Hassan၊ ထိုင်းဘုရင့်တပ်မတော် ဒုတိယကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Amarit Boonsuya၊ စင်ကာပူတပ်မတော် ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ် Cai Dexian၊ မလေးရှားဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Maruli Simanjuntak၊ လာအိုပြည်သူ့တပ်မတော် စစ်ဦးစီးဌာန ဒုတိယအကြီးအကဲ ဗိုလ်ချုပ် Kongthong Soukhavong တို့နှင့် သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုပိုမိုတိုးမြှင့် ဆောင်ရွက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီးတို့သည် စင်ကာပူကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ် Cai Dexian နှင့်ဇနီးတို့ တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ အာဆီယံကြည်းတပ်ဦးစီးချုပ်များနှင့် ဇနီးများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ တက်ရောက်ခဲ့ကြသည်။ ညစာသုံးဆောင်ပြီးချိန်တွင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းသည် အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များ၊ ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်များနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။

အလားတူ မွန်းလွဲပိုင်းတွင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းသည် စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့ ရောက်ရှိခဲ့ပြီး သံရုံးဝန်ထမ်းများ၊ မိသားစုဝင်များ၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)ရုံးမှ ဝန်ထမ်းများ၊ မိသားစုဝင်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စကား ပြောကြား၍ စားသောက်ဖွယ်ရာများပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

○ စာမျက်နှာ ၃ မှ

ထုတ်လုပ်သွားရမည်ဖြစ်ကြောင်း၊ ယင်းသည် "အရင်းအမြစ် မျိုးစုံမှ လျှပ်စစ်နှင့် စွမ်းအင်များ ထုတ်ယူသုံးစွဲရာတွင် အကျိုးရှိထိရောက်စွာ သုံးစွဲနိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံးဖြစ်စေရေး စီမံဆောင်ရွက်ရန်"ဆိုသည့် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေး ကော်မရှင်၏ လုပ်ငန်းတာဝန်ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းလည်းဖြစ်ပါကြောင်း၊ တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံအား ပထမအဆင့် အကြီးစားပြင်ဆင်ခြင်းများ ဆောင်ရွက်ကာ ဓာတ်အား ၉၀ မဂ္ဂါဝပ် ထုတ်လုပ်ပေးလျက်ရှိပြီး ယခုဒုတိယအဆင့် ကျောက်မီးသွေး အခြောက်ခံစက် တည်ဆောက်ပြီးစီးပြီဖြစ်၍ ၁၂၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည်ဖြစ်သောကြောင့် ယခင်ထုတ်လုပ်မှုထက် ၃၀ မဂ္ဂါဝပ် တိုးတက်ထုတ်လုပ်ပေးနိုင်သဖြင့် ပြည်သူများ လျှပ်စစ်ဓာတ်အား ပိုမိုသုံးစွဲရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းက တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ မောင်းနှင်လည်ပတ်နေမှု အခြေအနေနှင့် ဒုတိယအဆင့် ကျောက်မီးသွေး အခြောက်ခံစက် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့မှု အခြေအနေတို့ကို ရှင်းလင်းပြောကြားပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် Wuxi Hua Guang (Myanmar) Co., Ltd. မှ တာဝန်ရှိသူတို့က ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားသည်။

**လိုအပ်သည်များ မှာကြား**

ထို့နောက် စက်ရုံအတွင်း ပြသိုလှောင်ရုံရှိ စက်ရုံမှထွက်ရှိလာသည့်ပြာများ ထုတ်လုပ်နေမှု၊ အသုံးပြုရန်စီစဉ်ဆောင်ရွက်နေမှုများနှင့် စက်ရုံအတွက်အသုံးပြုသည့် ကျောက်မီးသွေးတူးဖော်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး ကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားသည်။

ယခုဖွင့်လှစ်သည့် ကျောက်မီးသွေးအခြောက်ခံစက် တည်ဆောက်ခြင်းကြောင့် အသုံးပြုလျက်ရှိသော ဒေသထွက် ကျောက်မီးသွေး၏ စိုထိုင်းဆများပြားမှုကို လျှော့ချကာ အပူစွမ်းအင်ကို တိုးမြှင့်နိုင်ခဲ့သဖြင့် ယခင်လျှပ်စစ်ဓာတ်အား ၉၀ မဂ္ဂါဝပ်သာ ထုတ်လုပ်နိုင်ခဲ့ရာမှ ယခုအခါ စက်တပ်ဆင်အင်အားပြည့် ၁၂၀ မဂ္ဂါဝပ်အထိ ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်၍ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်အတွက် ၃၀ မဂ္ဂါဝပ် ထပ်မံ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

---

## လူငယ်များ ဗလငါးတန်ပြည့်စုံရေး အစိုးရနည်းပညာအထက်တန်းကျောင်း(ကျောက်ဆည်)တွင် လူငယ်စကားဝိုင်း ကျင်းပ

**ကျောက်ဆည် နိုဝင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့တွင် ကျောင်းသား၊ ကျောင်းသူ လူငယ်များ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေး အစိုးရနည်းပညာအထက်တန်းကျောင်း(ကျောက်ဆည်)တွင် ယမန်နေ့မွန်းလွဲ ၂ နာရီက လူငယ်စကားဝိုင်း ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အစိုးရနည်းပညာအထက်တန်းကျောင်း(ကျောက်ဆည်)မှ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဇာနည်ထွန်းက ကျောင်းသား၊ ကျောင်းသူလူငယ်များအတွက် အသိပညာ၊ အတတ်ပညာများ တတ်မြောက်ထားရန်လိုကြောင်း၊ လူငယ်စကားဝိုင်းများသည် အသိပညာများ ဝေမျှသည့်အတွက် များစွာ ဗဟုသုတများ ရရှိသည့်အတွက် နားထောင်သင်ယူမှတ်သားသွားကြရန် အမှာစကားပြောကြားခဲ့ပြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။



ထို့နောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပပြုလုပ်ခဲ့ရာ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက အစီအစဉ်တင်ဆက်သူအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ပြီး အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း Grade-11 မှ မအေးငြိမ်းအောင်က "လူငယ်နှင့်စာဖတ်ခြင်း"၊ မြို့မ အခြေခံပညာအထက်တန်းကျောင်း Grade-11 မှ မောင်ထက်ဝင်းရွှေက "လူငယ်နှင့်ကျန်းမာရေး"၊ အစိုးရနည်းပညာအထက်တန်းကျောင်း(ကျောက်ဆည်)မှ ဒုတိယနှစ် ကျောင်းသား၊ ကျောင်းသူများဖြစ်သည့် မောင်အောင်ထက်စံနှင့် မမိုးရတီထွန်းတို့က "လူငယ်နှင့်အိုင်တီနည်းပညာ" ခေါင်းစဉ်ဖြင့် ဆွေးနွေး ပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

ဆက်လက်ပြီး တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို အပြန်အလှန်မေးမြန်းဆွေးနွေးခဲ့ကြပြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတ၊ ရသစာအုပ်များနှင့် အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ဝင်စားစွာ ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

---

## (၁၈)ကြိမ်မြောက် စုပေါင်းဘုံကထိန်တော်သို့ ပဒေသာပင်များ လှူဒါန်း

**မန္တလေး နိုဝင်ဘာ ၂၆**

မန္တလေး၊ တောင်စလင်းတိုက်သစ်၊ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တတိက္ခ၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဦးဆောင်သည့် (၁၈)ကြိမ်မြောက် စုပေါင်း မဟာဘုံကထိန်တော်အတွက် အလှူရှင် ဦးကြည်သိန်း+ ဒေါ်ကြည်ဝင်း၊ (သမီး)ဒေါက်တာ သူသူထိုက်၊ မအိမ့်မွန်သန့်(မြေး)သုညာဏ်၊ မန္တလေး၊ ကန်သာယာရပ်မှ ကထိန်ပဒေသာပင်တစ်ပင်၊ ရှင်တစ်ပါးစာနှင့်အတူ စုစုပေါင်း ငွေကျပ် တစ်သိန်းခြောက်သောင်းကို ယမန်နေ့က ပေးအပ်လှူဒါန်းရာ ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းချုပ်ရုံး (မန္တလေး) ဥက္ကဋ္ဌကိုယ်စား ကော်မတီဝင်များက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြား၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အလားတူ မန္တလေး၊ မဟာအောင်မြေမြို့နယ်နေ အလှူရှင် ဒေါ်နန်းခမ်းယုံ မိသားစုက ကထိန်ပဒေသာပင်တစ်ပင်၊ MCDC သူငယ်ချင်းတစ်စုက စုပေါင်း၍ ကထိန်ပဒေသာပင်နှစ်ပင်၊ အလှူရှင် ဒေါ်အေးအေးခိုင်နှင့် သားများက မိုးပေါ်ကျ တစ်ပါးစာ၊ အမရပူရမြို့နယ်နေ အလှူရှင် ဦးထိန်ဝင်းလှာအား ရည်စူး၍ ကိုဇော်ဇော်လင်း+ မနီလာအောင် မိသားစုက ကထိန်ပဒေသာပင်တစ်ပင် အသီးသီးလှူဒါန်းကြကြောင်း သိရသည်။

**(ဝ၄၉)**

# ၂၀၂၅ ခုနှစ် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှု အထိမ်းအမှတ် အခမ်းအနား မန္တလေးမြို့တော်ခန်းမတွင် ကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၆**

၂၀၂၅ ခုနှစ် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှု အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရုံး မြို့တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့၏ နာယက တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီး ဒေါ်မမ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာလှုပ်ရှားမှုများကို ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ်ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော်အဆင့်အခမ်းအနားအဖြစ် နှစ်စဉ်ကျင်းပနေပါကြောင်း၊ ကုလသမဂ္ဂအနေဖြင့် နှစ်စဉ် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အဖြစ် ဆောင်ပုဒ်များ ချမှတ်ဆောင်ရွက်ခဲ့ရာ ယခု ၂၀၂၅ ခုနှစ်အတွက် ဆောင်ပုဒ်မှာ "အမျိုးသမီးများအပေါ် ဒစ်ဂျစ်တယ်အကြမ်းဖက်မှုပပျောက်ရေး အားလုံးပူးပေါင်းဆောင်ရွက်ပေး" ဖြစ်ပါကြောင်း၊ ဒီဂျစ်တယ် ကဏ္ဍမှာ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ အခွင့်အရေးများကို ကာကွယ်ခြင်းဖြင့် အွန်လိုင်းနှင့် နည်းပညာဆိုင်ရာ ကျား၊ မ အခြေပြုအကြမ်းဖက်မှုများ ကိုင်တွယ်ဖြေရှင်းခြင်းတို့၏ အရေးပါမှုကို မီးမောင်းထိုးပြခြင်းဖြစ်ပါကြောင်း၊ အမျိုးသမီးများအနေဖြင့် နည်းပညာလက်လှမ်းမီရရှိပြီး ဒစ်ဂျစ်တယ် နည်းပညာကျွမ်းကျင်သည့် ငွေကြေးဆိုင်ရာဝန်ဆောင်မှုများကို လက်လှမ်းမီ အသုံးပြုနိုင်မည်ဆိုပါက အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပိုမိုလုပ်ကိုင်လာနိုင်မည်ဖြစ်ပြီး ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများအား မိုခိုမှုကင်းစွာ ဆောင်ရွက်လာနိုင်မည်ဖြစ်သည့်အတွက် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံ၏ စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို များစွာ အကျိုးသက်ရောက်လာမည်ဖြစ်ပါကြောင်း၊ မိန်းကလေးငယ် များအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေး၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျား၊ မ ရေးရာ တန်းတူညီမျှရေးတို့ကို အားလုံးဝိုင်းဝန်းပူးပေါင်းကာ မြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က ၂၀၂၅ ခုနှစ် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပ ပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှု အထိမ်းအမှတ် ပြသသည့် အသိပညာပေး Video Clip၊ လူမှုဝန်ထမ်း ဦးစီး ဌာနရှိ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း၊ နားမကြားသောကလေးများကျောင်း၊ ပြည်လုံး ချမ်းသာ ပရဟိတဂေဟာ၊ အမျိုးသမီးကလေးများသင်တန်းကျောင်း၊ ဇရိပ်မွန် အမျိုးသမီးပရဟိတ ဂေဟာတို့မှ အမျိုးသမီးငယ်လေးများ၏ ဂုဏ်ပြုသီဆို တေးသရုပ်ဖော်ကပြမှုများကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**






# ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန်သင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၌ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက အမှတ်(၁၃)အခြေခံ ပညာအထက်တန်းကျောင်းခွဲရှိ ချယ်ရီရူပါစိမ်းခန်းမတွင် ကျင်းပ သည်။

ရှေးဦးစွာ ခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်ရွှေဦးက ရွေးကောက်ပွဲတွင် အသုံးပြုမည့် မြန်မာအီလက်ထရောနစ်ပစ္စည်းများနှင့် မဲပေးပုံ အဆင့်ဆင့်တို့ကို သိရှိနားလည်အောင် အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမျိုးလွင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် သင်တန်းနည်းပြများက ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ သင်တန်းသား၊ သင်တန်းသူများအား သက်ဆိုင်သည့် ဘာသာရပ်များ အလိုက် ဆွေးနွေးပို့ချခဲ့သည်။

အဆိုပါ သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒုတိယမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ၊ စုစုပေါင်း ၃၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။



**အလင်းသစ်(ပြန်/ဆက်)**

၀-၀-၀-၀-၀

၀-၀-၀




# တစ်ပိုင်တစ်နိုင် ခရမ်းစိုက်ပျိုးခြင်းဖြင့် အပိုဝင်ငွေရရှိ

**တောင်တွင်းကြီး နိုဝင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်ရှိ ဒေသခံအချို့သည် မိသားစုဝင်ငွေတစ်ခုအနေဖြင့် တစ်ပိုင်တစ်နိုင် ခရမ်းစိုက်ပျိုးရာမှ အပိုဝင်ငွေ ရရှိလျက်ရှိသည်။

ခရမ်းအမျိုးအစား အမျိုးမျိုးရှိပြီး ဒေသရာသီဥတုနှင့် ကိုက်ညီသည့် ခရမ်းသီးစိမ်း၊ ခရမ်းရှည်သီးပင်၊ ရိုးရိုးခရမ်းသီးနှင့် ခရမ်းကျွတ်သီးတို့သည် လူကြိုက်အများဆုံးနှင့် ရောင်းအားကောင်းသည့်အတွက် ထိုအပင်များကို အဓိကထားစိုက်ပျိုးလျက်ရှိသည်။

တောင်တွင်းကြီးမြို့နယ်တွင် လက်ရှိခရမ်းသီးတစ်ပိဿာကို ငွေကျပ် ၃၀၀၀ ရရှိပြီး တစ်နေ့ ပျမ်းမျှဝင်ငွေကျပ် ၁၃၀၀၀၀ ခန့် ရရှိကာ တစ်ပိုင်တစ်နိုင်လုပ်ငန်းမှ စီးပွားဖြစ်တိုးချဲ့လုပ်ကိုင်သွားဖို့ရှိကြောင်း စိုက်ပျိုးသူတစ်ဦးက ပြောသည်။

အဆိုပါ ခရမ်းကို အောက်တိုဘာနှင့် နိုဝင်ဘာတွင် စတင်စိုက်ပျိုးကာ ရက်ပေါင်း ၃၀ အကြာတွင် အသီးခူးဆွတ်နိုင်ပြီး အချိန်တိုအတွင်း မိသားစုစားဝတ်နေရေးအတွက် အပိုဝင်ငွေရရှိသော လုပ်ငန်းတစ်ခုဖြစ်ကြောင်း သိရသည်။

**နောင်နောင်(ဗိုလ်သာနိုးမြေ)**

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ၂၀၂၅ -၂၀၂၆ ပညာသင်နှစ် (ဒုတိယအကြိမ်)ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာထောက်ပံ့ပေးအပ်ခြင်းအခမ်းအနား ကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၆**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(မန္တလေး)ရှိ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများအား (ဒုတိယအကြိမ်)ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ယနေ့ နေ့လယ်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ရန်အောင်မြင်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်၊ တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ချီးမြှင့်ရာ ကျောင်းသား၊ ကျောင်းသူများက အသီးသီးလက်ခံယူကြသည်။

ယင်းနောက် တိုင်းမှူးက အခမ်းအနားသို့ တက်ရောက်လာသော အရာရှိ၊ စစ်သည်မိသားစုများ၊ ဆရာ၊ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါအခမ်းအနားတွင် အခြေခံပညာအဆင့်(အထက်တန်း၊ အလယ်တန်း၊ မူလတန်း)ကျောင်းသား၊ကျောင်းသူ ၅၀၅ ဦးနှင့် မူကြိုကျောင်းသား၊ ကျောင်းသား ၄၀ ဦး၊ စုစုပေါင်း ၅၄၅ ဦးတို့အား ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝ၃၈)




# မြို့မအပျော်တမ်းတူရိယာအသင်း၏ နှစ်တစ်ရာပြည့် အထိမ်းအမှတ် သီချင်းဆိုပြိုင်ပွဲ နောက်ဆုံးအဆင့်ယှဉ်ပြိုင်ပွဲ ကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၆**

မန္တလေးမြို့၊ မြို့မအပျော်တမ်းတူရိယာအသင်း၏ နှစ်တစ်ရာပြည့် အထိမ်းအမှတ်အဖြစ် မြို့မ၏ တေးသီချင်းများကို သီဆိုယှဉ်ပြိုင်ရသည့် တေးသီချင်းဆိုပြိုင်ပွဲ နောက်ဆုံးအဆင့်ယှဉ်ပြိုင်ပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက Hotel Hazel တွင် ကျင်းပသည်။

ယနေ့ ပြုလုပ်သည့် နောက်ဆုံးအဆင့်ယှဉ်ပြိုင်ပွဲတွင် ဆန်ကာတင်ကျန်ရစ်သူ အမျိုးသား ၁၂ ဦးနှင့် အမျိုးသမီး ရှစ်ဦး၊ စုစုပေါင်း ၂၀ ဦးကို ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ၄င်းတို့အနက်မှ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု (၇)ဦး ရွေးချယ်မည်ဖြစ်သည်။ **(ယာပုံ)**

"ပြိုင်ပွဲအဆင့်ဆင့်မှာ ယှဉ်ပြိုင်သူအားလုံးတော်ကြပြီး ကောင်းကြလို့ ချီးကျူးမိပါတယ်။ သူတို့ကောင်းတော့ ဒိုင်တွေမှာ ရွေးချယ်ရခက်တဲ့ အနေအထားဖြစ်တာပေါ့။ မြန်မာမှုဂီတကို မျိုးဆက်သစ်လူငယ်တွေ လေ့လာလိုက်စားကြတယ်ဆိုတာ သိသာထင်ရှားပါတယ်"ဟု ဒိုင်အဖွဲ့ဝင်တစ်ဦးက ပြောသည်။



အဆိုပါ တေးသီချင်းသီဆိုပြိုင်ပွဲသို့ ယှဉ်ပြိုင်ရန် စာရင်းပေးသူ ၈၀ ဦးကျော်ရှိပြီး၊ အသံစစ်ဆေးမှုမှ စတင်၍ အမှတ်ပေးဒိုင်များဖြင့် အဆင့်ဆင့် စိစစ်ရွေးချယ်ခဲ့ရာ နောက်ဆုံးယှဉ်ပြိုင်မှုတွင် ရန်ကုန်နှင့် မန္တလေးမှ ဒိုင်အဖွဲ့ဝင် ၁၁ ဦးက အမှတ်ပေးရွေးချယ်ခြင်းဖြစ်သည်။

ပြိုင်ပွဲမှ ဆုရရှိသူများစာရင်းကို နိုဝင်ဘာ ၂၇ ရက်နေ့တွင် ကျင်းပမည့် ရာပြည့်သဘင်ပွဲ၌ အသိပေးကြေညာကာ ဆုချီးမြှင့်မည်ဖြစ်ပြီး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများက တေးသီချင်းများနှင့် သီဆိုဖျော်ဖြေကြမည်ဖြစ်ကြောင်း၊ ပထမဆုကို ငွေကျပ် သိန်း ၁၀၀၊ ဒုတိယဆုကို ငွေကျပ် သိန်း ၅၀၊ တတိယဆုကို ငွေကျပ် ၂၅ သိန်းနှင့် နှစ်သိမ့်ဆု(၁)မှ(၃)အထိ တစ်ဆုလျှင် ငွေကျပ် ၁၀ သိန်းစီနှင့် (၄)မှ(၇)အထိ ငွေကျပ် ၅ သိန်းစီ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-ဇ)

# ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ



**မြို့သစ် နိုဝင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများကို ကလေးအလုပ်သမားပပျောက်ရေးနှင့်ပတ်သက်၍ အသိပညာဗဟုသုတများ ရရှိစေရန်အတွက် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက မင်းရပ်ကွက်၊ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။ **(ဝဲပုံ)**

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်ထွေးက ကျောင်းသား၊ ကျောင်းသူများအား ကလေးအလုပ်သမား ပပျောက်ရေးနှင့် ပတ်သက်သည့် ကလေးအလုပ်သမား၏ အသက်အရွယ်၊ ကလေးအလုပ်သမားဆိုသည်မှာ၊ ကလေးအလုပ်သမားများ၏ အလုပ်ချိန်ကန့်သတ်ချက်၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေနှင့် ကလေးအလုပ်သမားပပျောက်ရေးအတွက် အသိပညာအကြောင်းအရာများကို ဟောပြောခဲ့ပြီး အသိပညာပေးနံရံကပ်စာစောင်များ ပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုခဲ့ကြောင်း သိရသည်။

**ဝင်းအိဖွန့်(ပြန်/ဆက်)**

# ရွေ့လျားစာကြည့်တိုက်ဖြင့် စာအုပ်၊ စာစောင်များ အပတ်စဉ်ငှားရမ်းပေး



**မိတ္ထီလာ နိုဝင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများသို့ ရွေ့လျားစာကြည့်တိုက်ဖြင့် စာအုပ်၊ စာစောင်များ အပတ်စဉ်ငှားရမ်းပေးခြင်းကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိသည်။

မြို့နယ်အတွင်းမှာရှိတဲ့ အခြေခံပညာကျောင်းများဖြစ်တဲ့ အ·ထ·က(၁)၊ အ·ထ·က(၂)၊ အ·ထ·က(၃)၊ အ·ထ·က(၄)၊ အ·ထ·က(၅)ရှမ်းတဲ၊ အ·ထ·က(ချည်စက်)၊ အ·ထ·က(တောမ)၊ အ·ထ·က (ညောင်ကိုင်း)၊ အ·လ·က(လေ့ကျင့်ရေး)၊ မုန်ပင်ဆည်ကျေးရွာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတို့အပြင် ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ သူနာပြုသင်တန်းများကိုလည်း ရွေ့လျားစာကြည့်တိုက်ယာဉ်နဲ့ စာအုပ်၊ စာစောင်များကို အပတ်စဉ် အင်္ဂါနေ့မှ သောကြာနေ့အထိ တစ်ပတ်ကို ၄ ရက် ငှားရမ်းပေးလျက်ရှိသည်။ **(အပေါ်ပုံ)**

အဆိုပါကျောင်းများနှင့် သင်တန်းကျောင်းများအပြင် ကန်တောင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းနှင့် ရန်မျိုးအောင်ရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်းများသို့လည်း ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်၊ စာစောင်ငှားရမ်းပေးခြင်းကို ယနေ့မှ စတင်ပြီး တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။

(၄၅၃)

# ဆရာစံဈေးအတွင်း မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်

**မန္တလေး နိုဝင်ဘာ ၂၆**

အောင်မြေသာစံမြို့နယ်၊ အမရဌာနီအရှေ့ရပ်ကွက်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဆရာစံဈေးအတွင်းတွင် မီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေးမှုများကို ယနေ့ နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးဇေကိုကိုပိုင်နှင့် သန္နေတပ်ဖွဲ့ဝင် ၅ ဦး၊ အရန်မီးသတ်တပ်စုမှူး ဦးအောင်ဝင်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦးတို့သည် ဈေးသူ၊ ဈေးသားများအား မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောခြင်း၊ ဈေးဆိုင်ခန်းများအား မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြပြီး၊ ဆရာစံဈေးတာဝန်ခံ ဦးချစ်သဲအောင်နှင့်ဝန်ထမ်းများ၊ ဈေးသူ၊ ဈေးသားများအား မီးသတ်ဆေးဘူးများဖြင့် လက်တွေ့မီးငြိမ်းသတ်နည်းများကို သရုပ်ပြသခြင်း၊ မီးဘေးလုံခြုံရေးအတွက် လိုအပ်သည်များကို အကြံပြုဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

(မန္တလေးနေ့စဉ်-၄)



# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

**ရွေးကောက်ပွဲ ကျင်းပရန်**

**၃၁ ရက်**

**သာ လိုတော့သည်။**

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

မဲစာရင်းများကို ၂၁-၁၁-၂၀၂၅ ရက်နေ့မှ ၄-၁၂-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဒုတိယအကြိမ် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ(၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ(၄-က)ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ရန် နှိုးဆော်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မဲပေးခွင့်မဆုံးရှုံးစေရေး ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိရာ ပြည်တွင်းရှိ မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပရောက် ယာယီနေရပ်စွန့်ခွာနေရသူများအနက် ပုံစံ(၁၅)ဖြင့် တောင်းဆိုထားသည့် ယာယီနေရပ်စွန့်ခွာနေရသူများသည် ၂၅-၁၁-၂၀၂၅ ရက်နေ့မှ ၂၉-၁၁-၂၀၂၅ ရက်နေ့အတွင်း ရောက်ရှိရာဒေသရှိ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက စီစဉ်ဆောင်ရွက်ပေးသည့်နေ့ရက်နှင့် နေရာတွင် ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း ထပ်မံအသိပေး နှိုးဆော်အပ်ပါသည်။

## ပြည်တွင်းရှိ မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပရောက် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး အသိပေးနှိုးဆော်ခြင်း

၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့၌ စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်တွင်းရှိ မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ် ပြင်ပရောက် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ပုံစံ(၁၅)ဖြင့် တောင်းဆို၍ မိမိတို့ရောက်ရှိရာဒေသရှိ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၌ ၂၅-၁၁-၂၀၂၅ ရက်နေ့မှ ၂၉-၁၁-၂၀၂၅ ရက်နေ့အတွင်း ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း ၁၅-၉-၂၀၂၅ ရက်နေ့တွင် အသိပေးကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မဲပေးခွင့်မဆုံးရှုံးစေရေး အလေးထားဆောင်ရွက်လျက်ရှိရာ မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပတွင် ရောက်ရှိနေသော ယာယီနေရပ်စွန့်ခွာနေရသူများအနက် ပုံစံ(၁၅)ဖြင့် တောင်းဆိုထားသည့် ယာယီနေရပ်စွန့်ခွာနေရသူများသည် ၂၅-၁၁-၂၀၂၅ ရက်နေ့မှ ၂၉-၁၁-၂၀၂၅ ရက်နေ့အတွင်း မိမိရောက်ရှိရာဒေသရှိ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက စီစဉ်ဆောင်ရွက်ပေးသည့် သင့်လျော်သောနေ့ရက်နှင့် နေရာတွင် ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း ထပ်မံအသိပေးနှိုးဆော်အပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၆**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်အတွင်း မဲရုံပေါင်း ၆၂၆ ရုံ လျာထားပြီး မဲဆန္ဒရှင်ပြည်သူများ အဆင်ပြေချောမွေ့စွာ မဲပေး နိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိ ကြောင်း၊ နေပြည်တော် ရှစ်မြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာ အုပ်စုပေါင်း ၂၄၅ ခုတွင် ရပ်ကွက်၊ ကျေးရွာ ကော်မရှင်အဖွဲ့ဝင် ၁၈၈၃ ဦးဖြင့် ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ ဒုတိယအကြိမ် မဲစာရင်းကပ်ထား ကြေညာခြင်းကို နိုဝင်ဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိ ၁၄ ရက်ကြာ ရပ်ကွက်၊ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများနှင့် ကျေးရွာများအထိ မဲစာရင်းကို ကပ်ထားကြေညာပေးသွားမည်ဖြစ်ပြီး မဲပေးပိုင်ခွင့်ရှိသူများ မဲပေးခွင့်မဆုံးရှုံးရန် အဓိက ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် နေပြည်တော်အတွင်း မဲစာရင်း မှန်ကန်ရေးအတွက် တာဝန်ရှိသူများအားလုံး ပိုင်းဝန်းပူပေါင်း ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် တက်ရောက်လာသည့် ဌာနဆိုင်ရာများက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အောင်ကို(ပြန်/ဆက်)

## အငြိမ်းစားအင်ဂျင်နီယာဝန်ထမ်းများအား စားသောက်ကုန်များ ထောက်ပံ့

**မန္တလေး နိုဝင်ဘာ ၂၆**

မန္တလေးအခြေစိုက် ဆောက်လုပ်ရေးဝန်ကြီးဌာန အငြိမ်းစား အင်ဂျင်နီယာများ လူမှုကူညီရေး အဖွဲ့များ၏ သတ္တမအကြိမ်မြောက် ဆောက်လုပ်ရေးအငြိမ်းစား အင်



ဂျင်နီယာနှင့် အမှုထမ်းဝန်ထမ်း (မန္တလေးအခြေစိုက်)များအား ဆန်၊ ဆီများ ထောက်ပံ့ခြင်းကို ယမန်နေ့ နံနက် ၉ နာရီက မန္တလေး၊ လမ်း၇၀နှင့် ၇၁လမ်းကြား၊ ၃၁လမ်းရှိ အောင်မြေသာစံ ခရိုင်ရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ အထူးဖိတ်ကြားထားသည့် ရန်ကုန်မြို့ (မင်္ဂလာပါ)အဖွဲ့မှ ဆောက်လုပ်ရေးဝန်ကြီးဌာနအငြိမ်းစားအရာရှိကြီးများ၊ မန္တလေးအခြေစိုက် ဆောက်လုပ်ရေးဝန်ကြီးဌာနအငြိမ်းစား အင်ဂျင်နီယာများ၊ လူမှုကူညီရေး အဖွဲ့ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ အငြိမ်းစားအင်ဂျင်နီယာများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ အဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်တင့်(အင်ဂျင်နီယာမှူးကြီး-ငြိမ်း)က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ရန်ကုန်မြို့(မင်္ဂလာပါ)အဖွဲ့မှ ဦးဘရွှေ (အင်ဂျင်နီယာချုပ်-ရေသန့်(ငြိမ်း))၊ ဦးနေစိုးနိုင်(ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း))၊ ဦးကျော်လွင်(ဝန်ကြီး-ငြိမ်း)နှင့် အဖွဲ့ဝင်များက ဝမ်းသာပီတိစကားများ ပြောကြားကြသည်။

ဆက်လက်၍ အငြိမ်းစားအင်ဂျင်နီယာနှင့် အမှုထမ်းဝန်ထမ်းများကိုယ်စား ဒေါ်ခင်စိန်(အကြီးတန်းစာရေး-ငြိမ်း)နှင့် ဦးဌေးအောင် (SAE-ငြိမ်း)တို့က ကျေးဇူးတင်စကားများ ပြောကြားကြပြီး ရန်ကုန်မြို့(မင်္ဂလာပါ)အဖွဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန အငြိမ်းစားအရာရှိကြီးများအဖွဲ့က အလှူငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းရာ မန္တလေးအခြေစိုက်ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များက လက်ခံရယူကြသည်။ ထို့နောက် ဦးဝင်းမောင်(အင်ဂျင်နီယာချုပ်-ငြိမ်း)က နိဂုံးချုပ်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ထို့နောက် အဖွဲ့နာယကကြီးများ၊ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များက မန္တလေးအခြေစိုက် အငြိမ်းစားအင်ဂျင်နီယာနှင့် အမှုထမ်းဝန်ထမ်း ၁၃၅ ဦးတို့အား ဆန်နှင့် ဆီများကို တစ်ဦးချင်း ပေးအပ်ကြသည်။

နိုဝင်ဘာ ၂၂ ရက်တွင် အငြိမ်းစားအင်ဂျင်နီယာနှင့် အမှုထမ်းဝန်ထမ်း ၂၂၂ ဦးတို့အား ပြည်ကြီးတံခွန်မြို့နယ်၊ ၇၈လမ်းမကြီး၊ ယန္တရားတပ်ခွဲ(မြောက်) အလုပ်ရုံခန်းမတွင် ဆန်နှင့် ဆီများကို ဆက်လက်ပေးလှူခဲ့ပြီး ယခု သတ္တမအကြိမ်မြောက်၌ အငြိမ်းစားအင်ဂျင်နီယာ (SAE အဆင့်နှင့် အောက်)နှင့် အမှုထမ်းဝန်ထမ်း စုစုပေါင်း ၃၅၇ ဦးကို ဆန်နှင့် ဆီများ ထောက်ပံ့ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၁)

၀-၀-၀-၀-၀

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ**
**သာယာလှပ စိမ်းမြမြ။**

# တရုတ်နှင့် တွန်ဂါနစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု ချဲ့ထွင်ရန် သဘောတူညီ

**ပေကျင်း နိုဝင်ဘာ ၂၆**

တရုတ်နှင့် တွန်ဂါနစ်နိုင်ငံ အနေဖြင့် ရေရှည်တည်တံ့သော ခင်မင်ရင်းနှီးမှုကို ယမန်နေ့က ထပ်မံအတည်ပြုခဲ့ကြပြီး နယ်ပယ်ပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုကို ချဲ့ထွင်ရန်အတွက် ကျယ်ပြန့်သောလုပ်ငန်းအစီအစဉ်ကိုလည်း ထုတ်ဖော်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါ ကတိကဝတ်ကို တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ပေကျင်းမြို့တော်သို့ ရောက်ရှိနေသော တွန်ဂါဘုရင့်နိုင်ငံမှ ဘုရင်တူပူး(၆)တို့သည် ၎င်းတို့၏ တွေ့ဆုံပွဲအတွင်းတွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ဘုရင်သည် တရုတ်နိုင်ငံသို့ ခုနစ်နှစ်အတွင်း ပထမဆုံးအကြိမ် နိုင်ငံတော်အဆင့် ခရီးစဉ်အဖြစ် တစ်ပတ်ကြာ ခရီးထွက်နေခြင်း ဖြစ်သည်။



ဆွေးနွေးပွဲများအတွင်းတွင် တရုတ်သမ္မတ ရှီကျင့်ဖျင်က တရုတ်နှင့် တွန်ဂါနစ်နိုင်ငံသည် စိန်ခေါ်မှုများကြားမှ အတူတကွ ရပ်တည်ခဲ့သည့် စစ်မှန်သော မိတ်ဆွေများ ဖြစ်ကြောင်းနှင့် ၁၉၉၈ ခုနှစ်တွင် သံတမန်ဆက်ဆံရေး ထူထောင်ပြီးကတည်းက နှစ်နိုင်ငံစလုံးသည် အပြန်အလှန် လေးစားမှုထားရှိကာ တန်းတူရည်တူဆက်ဆံခဲ့ကြောင်း အလေးပေး ပြောကြားသည်။

နှစ်ဖက်စလုံးသည် ၎င်းတို့၏ အဓိက အကျိုးစီးပွားများနှင့် အဓိကစိုးရိမ်ပူပန်မှုများဆိုင်ရာ ကိစ္စရပ်များတွင် တစ်ဦးကိုတစ်ဦး ခိုင်မာစွာ အပြန်အလှန် ထောက်ခံခဲ့ကြသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ထို့ပြင် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများက အသီးအပွင့်များ ရရှိခဲ့ပြီး ၎င်းတို့၏ ဘက်စုံ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးသည် ဆက်လက် နက်ရှိုင်းလာနေကြောင်း ၎င်းက ဖြည့်စွက်ပြောဆိုခဲ့ရာ ၎င်းသည် အရွယ်အစားနှင့် လူမှုစနစ် ကွဲပြားသော နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ခြင်း၏ စံနမူနာကောင်းတစ်ခုကို ပြသနေကြောင်း သိရသည်။ **Mon**

# INTERNATIONAL NEWS

# နိုင်ငံတကာသတင်းများ

## ကုလသမဂ္ဂအတည်ပြုသော ကမ္ဘာ့အကြီးဆုံးမြို့စာရင်းတွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တော် ထိပ်ဆုံးသို့ ရောက်ရှိလာ

**ဂျကာတာ နိုဝင်ဘာ ၂၆**

အင်ဒိုနီးရှားနိုင်ငံ၏ မြို့တော်ဖြစ်သည့် ဂျကာတာသည် လူဦးရေ ၄၁ ဒသမ ၉ သန်းဖြင့် ကမ္ဘာ့အကြီးဆုံးမြို့အဖြစ် သတ်မှတ်ခံရပြီး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဒါကာမြို့သည် လူဦးရေ ၃၆ ဒသမ ၆ သန်းဖြင့် ဒုတိယနေရာတွင် လိုက်ပါလျက်ရှိကြောင်း ကုလသမဂ္ဂ၏ အစီရင်ခံစာအသစ်တွင် စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

လူဦးရေ အလွန်ထူထပ်သော ဂျာဗားကျွန်း၏ အနောက်ဘက်ပိုင်းရှိ ကမ်းရိုးတန်းနိမ့်ပိုင်းတွင် တည်ရှိသည့် အဆိုပါမြို့သည် ၂၀၀၀ ပြည့်နှစ်က ထုတ်ပြန်ခဲ့သော ကုလသမဂ္ဂ၏ နောက်ဆုံးအကဲဖြတ်မှုတွင် ကမ္ဘာ့အကြီးဆုံးမြို့အဖြစ် သတ်မှတ်ခံခဲ့ရသည့် တိုကျိုမြို့နေရာကို အစားထိုးပြီး ဒုတိယနေရာမှနေ၍ ပထမနေရာသို့ တက်လှမ်းလာခြင်းဖြစ်သည်။

ဂျပန်နိုင်ငံ၏ မြို့တော်သည် လူဦးရေ ၃၃ ဒသမ ၄ သန်းခန့်ဖြင့် နိုင်းယှဉ်ပါက တည်ငြိမ်သော အခြေအနေတွင် ရှိနေခြင်းကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ လူဦးရေထူထပ်သောမြို့တော် ဒက္ကာ၏ နောက်တွင် ကျဆင်းပြီး တတိယနေရာသို့ ရောက်ရှိသွားခဲ့သည်။

ဒက္ကာမြို့သည် နဝမနေရာမှနေ၍ ဒုတိယနေရာသို့ ရုတ်တရက် ခုန်တက်လာခဲ့ပြီး ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့အကြီးဆုံးမြို့ဖြစ်လာမည်ဟု ခန့်မှန်းထားသည်။

ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးရာဌာနမှ ထုတ်ပြန်သော "ကမ္ဘာ့မြို့ပြဖြစ်ပေါ်တိုးတက်မှု အလားအလာ ၂၀၂၅" အစီရင်ခံစာအရ လူဦးရေ ၁၀ သန်းထက် ပိုမိုများပြားသော မြို့ပြဧရိယာများဖြစ်သည့် မဟာမြို့တော်များသည် ၁၉၇၅ ခုနှစ်က ကမ္ဘာတစ်ဝန်းရှိခဲ့သည့် မဟာမြို့တော် ရှစ်မြို့ထက် လေးဆပိုမိုများပြားပြီး စုစုပေါင်း ၃၃ မြို့အထိ တိုးလာခဲ့သည်။

ကမ္ဘာ့မဟာမြို့တော် ၃၃ မြို့အနက် ၁၉ မြို့သည် အာရှတိုက်တွင် တည်ရှိပြီး ထိပ်တန်း ၁၀ မြို့အနက် ၉ မြို့မှာလည်း အာရှမှဖြစ်သည်။ ထိပ်တန်း ၁၀ မြို့တွင် ဂျကာတာ၊ ဒါကာနှင့် တိုကျိုတို့အပြင် အခြားအာရှမြို့များမှာ အိန္ဒိယမှ နယူးဒေလီ (၃၀ ဒသမ ၂ သန်း)၊ တရုတ်မှ ရှန်ဟိုင်း (၂၉ ဒသမ ၆ သန်း)၊ တရုတ်မှ ကွမ်ကျိုး (၂၇ ဒသမ ၆ သန်း)၊ ဖိလစ်ပိုင်မှ မနီလာ (၂၄ ဒသမ ၇ သန်း)၊ အိန္ဒိယမှ ကိုလ်ကတ္တား (၂၂ ဒသမ ၅ သန်း)နှင့် တောင်ကိုရီးယားမှ ဆိုးလ် (၂၂ ဒသမ ၅ သန်း) တို့ ပါဝင်ကြောင်း သိရသည်။ **Mon**



## ကမ္ဘာ့အေအိုင်ဒီအက်စ်တိုက်ဖျက်ရေး အစီအစဉ်များ ရန်ပုံငွေ ပြတ်တောက်မှု ပြဿနာနှင့် ရင်ဆိုင်နေရ

**ဂျီနီဗာ နိုဝင်ဘာ ၂၆**

အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးအတွက် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းဖြစ်သည့် ယူအင်န်အိတ်ဒ်စ်အနေဖြင့် ရောဂါကုသမှုနှင့် ကြိုတင်ကာကွယ်ရေး အစီအစဉ်များအတွက် ကမ္ဘာလုံးဆိုင်ရာ ရန်ပုံငွေ ပြတ်တောက်မှုများ ဖြစ်ပေါ်လာခြင်းကြောင့် လူသန်းပေါင်းများစွာသည် စောင့်ရှောက်မှု ခံယူခွင့်မရရှိဘဲ ဖြစ်နေကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ယမန်နေ့က ထုတ်ပြန်သည့် အစီရင်ခံစာတွင် အမေရိကန် သမ္မတ ဒေါ်နယ်လ်ထရမ့်က ဇန်နဝါရီလတွင် ရာထူးစတင်ယူပြီးနောက်ပိုင်း ရန်ပုံငွေထောက်ပံ့မှုကို ရပ်ဆိုင်းလိုက်သည့်အခါ ရောဂါတုံ့ပြန်ရေး ကမ္ဘာလုံးဆိုင်ရာ လုပ်ငန်းစဉ်သည် "ချက်ချင်းဆိုသလို အကျပ်အတည်း အခြေအနေသို့ ရောက်ရှိသွားသည်"ဟု ယူအင်န်အိတ်ဒ်စ်က အတည်ပြုသည်။

အချို့သော အိတ်ချ်အိုင်ဗွီ ရန်ပုံငွေများကို ထိုနှစ်၏ ဒုတိယ နှစ်ဝက်တွင် ပြန်လည်ထောက်ပံ့ပေးခဲ့သော်လည်း အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီကို ဖျက်သိမ်းရန် သမ္မတထရမ့် ဆုံးဖြတ်ချက်ချလိုက်ပြီးနောက်ပိုင်း အချို့သော အစီအစဉ်များသည် ပြန်လည်စတင်နိုင်ခြင်း မရှိသေးပေ။

ဝင်ငွေနည်းနှင့် ဝင်ငွေအလယ်အလတ်ရှိသော နိုင်ငံအများအပြားအပေါ် "စီးပွားရေးနှင့် ငွေကြေးဆိုင်ရာ ဖိအားများ ပိုမိုပြင်းထန်လာခြင်း"ကြောင့် ရန်ပုံငွေဖြတ်တောက်မှုများ ပိုမိုဆိုးရွားလာသည်ဟု ယူအင်န်အိတ်ဒ်စ်က အစီရင်ခံသည်။

ရန်ပုံငွေ လိုအပ်ချက်များက ကမ္ဘာတစ်ဝန်းရှိ ပြည်သူများ၏ ဘဝအပေါ် "နက်ရှိုင်းပြီး ရေရှည်အကျိုး သက်ရောက်မှုများ" ဖြစ်ပေါ်စေသည်ဟုလည်း ယင်းအဖွဲ့အစည်းက ထပ်လောင်းအတည်ပြုခဲ့ကြောင်း သိရသည်။

**Mon**

## တရုတ်နိုင်ငံ၏ ပထမဆုံး အရေးပေါ် အာကာသယာဉ်ကို လောင်းမတ်ချ်တူးအက်ဖ် ဒုံးပျံဖြင့် အောင်မြင်စွာ လွှတ်တင်

**ပေကျင်း နိုဝင်ဘာ ၂၆**

ယခုလ အစောပိုင်းတွင် အာကာသယာဉ်တစ်စင်း ချွတ်ယွင်းခဲ့ပြီးနောက် အာကာသစခန်းရှိ ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ ပြဿနာများကို ဖြေရှင်းရန်အတွက် တရုတ်နိုင်ငံ၏ ပထမဆုံး အရေးပေါ်အာကာသယာဉ် လွှတ်တင်မှုကို နိုဝင်ဘာ ၂၅ ရက်တွင် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

လူမပါဝင်သော ရှင်ကျိုး ၂၂ အာကာသယာဉ်ကို လောင်းမတ်ချ်တူးအက်ဖ် ဒုံးပျံဖြင့် တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းရှိ ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ နေ့လယ် ၁၂ နာရီ ၁၁ မိနစ်တွင် ပစ်လွှတ်ခဲ့ကြောင်း တရုတ်နိုင်ငံ လူလိုက်ပါသည့် အာကာသအေဂျင်စီက အတည်ပြုသည်။

"အာကာသယာဉ်သည် ဒုံးပျံနှင့် အောင်မြင်စွာ ခွဲထွက်သွားခဲ့ပြီး ၎င်း၏စီစဉ်ထားသည့် ပတ်လမ်းအတွင်းသို့ ရောက်ရှိသွားခဲ့သည်။ ယခု လွှတ်တင်မှုသည် လုံး၀ အောင်မြင်ပါသည်"ဟု အဆိုပါအေဂျင်စီ၏ တရားဝင်ဝီချက်အကောင့်တွင် ထုတ်ပြန်ကြေညာသည်။

တရုတ်နိုင်ငံပိုင် စီစီတီဗွီ ရုပ်သံဌာနက ထုတ်လွှင့်သော ဗီဒီယိုတွင် ထိုဒုံးပျံသည် မီးတောက်များဖြင့် အာကာသထဲသို့ ထိုးတက်သွားသည်ကို ပြသနေပြီး၊ အာကာသယာဉ်သည် ပတ်လမ်းထဲသို့ ဝင်ရောက်ချိန်၌ နောက်ခံတွင် ကမ္ဘာမြေကို မြင်တွေ့ရကြောင်း သိရသည်။ **Mon**

## ထိုင်းနိုင်ငံတောင်ပိုင်း၌ ရေကြီးရေလျှံမှုဖြစ်၊ အရေးပေါ်အခြေအနေကြေညာ

**ဗန်ကောက် နိုဝင်ဘာ ၂၆**

ထိုင်းနိုင်ငံတောင်ပိုင်း ဆုန်ကလာပြည်နယ်တွင် နိုဝင်ဘာ ၂၅ ရက်က ရေကြီးရေလျှံမှုဖြစ်ခဲ့သဖြင့် ဝန်ကြီးချုပ် အနုတင် ချာဗီရာကားက အရေးပေါ်အခြေအနေကြေညာခဲ့ကြောင်း သိရသည်။

၎င်းဒေသတွင် မိုးသည်းထန်စွာ ရွာသွန်းရာမှ ရေကြီးရေလျှံမှုဖြစ်ခဲ့သဖြင့် ထိခိုက်ပျက်စီးခြင်းများ ရှိခဲ့သောကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အစိုးရက စီမံခန့်ခွဲရေးစင်တာကို ဖွင့်လှစ်ကာ လုပ်ငန်းဆောင်ရွက်ခဲ့သည်။ ယခုဖြစ်ပွားသည့် ရေကြီးရေလျှံမှုသည် ထိုင်းနိုင်ငံတောင်ပိုင်းရှိ ပြည်နယ်ကိုးခုရှိဒေသခံ ၂ ဒသမ ၂၀ သန်းကို ထိခိုက်ခဲ့ကာ ၁၃ ဦး သေဆုံးခဲ့ကြောင်း သိရသည်။ အရှေ့မြောက်ဒေသတွင် ဖြစ်ပွားသည့် မုတ်သုံရာသီဥတုနှင့် ထိုင်းနိုင်ငံတောင်ပိုင်းနှင့် မလေးရှားတွင် ဖြစ်ပွားသည့် လေဖိအားနည်းရပ်ဝန်းကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများဖြစ်ခဲ့ကြောင်း သိရသည်။



ကိုးကား - ဆင်ဟွာ၊ဘာသာပြန် - စိုးသူရ

## သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲ ကျင်းပ

**ကလော နိုဝင်ဘာ ၂၆**

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း တေဇခန်းမ၌ နိုဝင်ဘာလ ၂၅ ရက် နံနက် ၉ နာရီက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြို့နယ်သစ်တောဦးစီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် ပညာရေးဦးစီးဌာနတို့ ပူးပေါင်း၍ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နီနီထွေးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်စိုးလွင်က သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးနှင့်ပတ်သက်၍ ဟောပြောခဲ့သည်။ ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယ ဦးစီးမှူး ဦးဝေဇင်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှု ဖြစ်ပေါ်သည့်အကြောင်းအရင်းများအကြောင်းတို့ကို အသိပညာပေး ဟောပြောခဲ့ကြပြီး သစ်တောဦးစီးဌာန ဦးစီးအရာရှိက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းစာကြည့်တိုက်အတွက် သစ်တောကြေးမုံမဂ္ဂဇင်းစာအုပ်များ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) မြို့နယ်(ပြန်/ဆက်)**





## လူနေအိမ်များအား တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်

**မန္တလေး နိုဝင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်တွင် ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် မီးလောင်မီးလန့်မှုများ မဖြစ်ပွားမပေါ်ပေါက်စေရေးအတွက် ယမန်နေ့ နံနက်ပိုင်းကစတင်၍ (ဈ)ရပ်ကွက်အတွင်းရှိ လူနေအိမ်များအား တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်ခဲ့သည်။

အဆိုပါ စစ်ဆေးဆောင်ရွက်ရာတွင် ခရိုင်မီးသတ်ဦးစီးမှူး ဦးမင်းမင်းစိုး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦး၊ မြို့နယ်မီးသတ်ဦးစီးမှူးများနှင့် သန္ဓေတပ်ဖွဲ့ဝင် ၂၀ ဦး၊ အရန်တပ်ဖွဲ့ဝင် ၅၀ ဦး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများ ပူးပေါင်းကာ (ဈ)ရပ်ကွက်အတွင်းရှိ လူနေအိမ်များအား တစ်အိမ်တက်ဆင်း စစ်ဆေးခြင်း၊ စက်မှုဇုန်(၂)အတွင်းရှိ စက်ရုံ၊ အလုပ်ရုံ၊ သိုလှောင်ရုံများအား မီးသုံးစွဲမှုများနှင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲ၊ ရေ၊ မီးသတ်ဆေးဘူးများ ပြည့်စုံစွာထားရှိစေရေး၊ မီးငြိမ်းသတ်ရေးစနစ်များ တပ်ဆင်ထားရှိမှုများအား စစ်ဆေးအကြံပေးခြင်းနှင့် မီးသတိပေးလက်ကမ်းစာစောင်များ ဖြန့်ဝေနေမှုတို့ကို တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းထွန်းက လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များအား မှာကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**ဇင်မင်းမောင်(ခရိုင်ပြန်/ဆက်)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိခဲ့မှုကြောင့် အမျိုးသား တစ်ဦး သေဆုံးကာ ကလေးတစ်ဦး အပါအဝင် အမျိုးသား သုံးဦးနှင့် အမျိုးသမီး တစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**မိုင်းဖြတ် နိုဝင်ဘာ ၂၆**

ရှမ်းပြည်နယ်၊ မိုင်းဖြတ်မြို့နယ်၌ ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိခဲ့မှုကြောင့် အမျိုးသား တစ်ဦး သေဆုံးကာ ကလေး တစ်ဦး အပါအဝင် အမျိုးသား သုံးဦးနှင့် အမျိုးသမီး တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။





ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၃ ရက် ညနေ ၅ နာရီတွင် ရှမ်းပြည်နယ်၊ မိုင်းဖြတ်မြို့နယ်၊ ဟောင်ဟင်ကျေးရွာအနီး မိုင်းဖြတ်-မိုင်းယောင်းကားလမ်း ကီလိုမီတာတိုင်အမှတ် 2 KM နှင့် 3 KM အကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ မိုင်းဖြတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ မိုင်းဖြတ်မြို့နယ်၊ ရှေခင်ကျေးရွာနေ မြင်ရ (၂၈)နှစ်ဆိုသူ မောင်းနှင်ပြီး ဇနီးဖြစ်သူ မတုန်းထ (၂၅)နှစ်ဆိုသူနှင့် သားဖြစ်သူ မောင်ဖြူရှန် (၈)နှစ်ဆိုသူတို့ လိုက်ပါလာသည့် HONDA WAVE 125 ဆိုင်ကယ်သည် မိုင်းဖြတ်မြို့မှ မိုင်းယောင်းမြို့ဘက်သို့ မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက်၌ မျက်နှာချင်းဆိုင်မှ မိုင်းယောင်းမြို့နယ်၊ နာဟာကျေးရွာနေ ကျဟဲ (၂၅)နှစ်ဆိုသူမောင်းနှင်ပြီး တစ်ရွာတည်းနေ စောလုမှု(၂၃)နှစ်ဆိုသူလိုက်ပါလာသည့် HONDA WAVE 110 ဆိုင်ကယ်ဖြင့် မျက်နှာချင်းဆိုင်တိုက်မိခဲ့မှုကြောင့် ၎င်းတို့ ငါးဦးတွင် ထိခိုက်ဒဏ်ရာများ အသီးသီးရရှိခဲ့သောကြောင့် မိုင်းဖြတ်မြို့နယ်ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေစဉ် မြင်ရ ဆိုသူမှာ အခင်းဖြစ်စဉ်မှ ရရှိခဲ့သည့် ထိခိုက်ဒဏ်ရာများဖြင့် သေဆုံးသွားခဲ့သောကြောင့် မြင်ရနှင့် ကျဟဲဆိုသူတို့ နှစ်ဦးအား မိုင်းဖြတ်မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## မိုးညှင်းမြို့နယ်၌ ဒီဇယ်ဆီများ တရားမဝင် သယ်ဆောင်လာသူ အမျိုးသား လေးဦးအား ဖမ်းဆီးအရေးယူ

**မိုးညှင်း နိုဝင်ဘာ ၂၆**

ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၌ ဒီဇယ်ဆီများ တရားမဝင် သယ်ဆောင်လာသူ အမျိုးသား လေးဦးအား ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၃ ရက် မွန်းလွဲ ၃ နာရီ ၅ မိနစ်တွင် ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ နန့်စီးအောင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မိုးညှင်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မန္တလေးမြို့မှ မြစ်ကြီးနားမြို့ဘက်သို့ မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ ကူမဲမြို့၊ ကွက်သစ်ရပ်ကွက်နေ ဝေဖြိုးမြင့် (၃၅)နှစ်ဆိုသူ မောင်းနှင်ပြီး ရှမ်းပြည်နယ်၊ ဟိုပင်မြို့နယ်၊ မြို့မတောင်ရပ်ကွက်နေ ထက်နေလင်း (၂၇)နှစ်ဆိုသူ လိုက်ပါလာသည့် NISSAN အဖြူရောင် ၁၂ ဘီး မော်တော်ယာဉ်ပေါ်မှ GAS အိုးတစ်လုံးလျှင် ဒီဇယ်ဆီ ၁၀ ဂါလန် ခန့်ပါ ၈၀ လုံး၊ စုစုပေါင်း ဒီဇယ်ဆီ ၈၀၀ ဂါလန်ခန့်နှင့် မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်၊ ရှောက်ပင်ရိုးကျေးရွာနေ မျိုးကိုကို (၃၀)နှစ်ဆိုသူ မောင်းနှင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နေ သီဟကျော်မျိုးအေး(၂၅)နှစ်ဆိုသူ လိုက်ပါလာသည့် NISSAN အဖြူရောင် ၁၂ ဘီး မော်တော်ယာဉ်ပေါ်မှ GAS အိုးတစ်လုံးလျှင် ဒီဇယ်ဆီ ၁၀ ဂါလန်ခန့်ပါ ၇၉ လုံး၊ စုစုပေါင်း ဒီဇယ်ဆီ ၇၉၀ ဂါလန်ခန့်တို့အား တရားမဝင် အထောက်အထားမဲ့ သယ်ဆောင်လာသည်ကို တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် မျိုးကိုကိုနှင့် သီဟကျော်မျိုးအေးဆိုသူတို့ နှစ်ဦးအား မိုးညှင်းမြို့မရဲစခန်း (ပ)၁၅၇/၂၀၂၅၊ ရေနံနှင့်ရေနံထွက်ဆိုင်ရာ ဥပဒေပုဒ်မ ၃၇ ဖြင့် လည်းကောင်း၊ ဝေဖြိုးမြင့်နှင့် ထက်နေလင်းတို့ဆိုသူ နှစ်ဦးအား မိုးညှင်းမြို့မရဲစခန်း (ပ)၁၅၈/၂၀၂၅၊ ရေနံနှင့်ရေနံထွက်ဆိုင်ရာဥပဒေပုဒ်မ ၃၇ ဖြင့် လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## တာချီလိတ်မြို့နယ် ဆန်ဆိုင်း(က)ရပ်ကွက်၌ အဆောက်အအုံ မီးလောင်မှုဖြစ်ပွား



**တာချီလိတ် နိုဝင်ဘာ ၂၆**

ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နယ်၊ ဆန်ဆိုင်း(က)ရပ်ကွက်၌ ပိုင်ရှင် ဦးအိုက်ဆိုက်၏ ၁၀၀×၈၀ ပေ၊ သွပ်မိုး၊ RC တစ်ထပ် အဆောက်အအုံအား ကာရာအိုကေ ဖွင့်လှစ်ရန်အတွက် အခန်းပြင်ဆင်ရာတွင် ဝရိန်ဆော်ရာမှ အနီးရှိ ဆိုဖာပေါ်သို့ မီးပွားကျပြီး မီးကူးစက်လောင်ကျွမ်းမှု ဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် တာချီလိတ်မြို့နယ်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ်ခြောက်စီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၂ နာရီ ၃၅ မိနစ်တွင် မီးငြိမ်းခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် ဆိုဖာထိုင်ခုံ နှစ်ခုံ၊ ၇၅ လက်မ LED TV တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် ဆိုင်တာဝန်ခံ ရန်နောင်စိုးအား တာချီလိတ်မြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

✣ စာမျက်နှာ ၂၄ မှ

အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့ကြသော အဆောက်အအုံများကို အပိုင်း(၃)ပိုင်းခွဲ၍ စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို နေ့စဉ်ဆောင်ရွက်လျက်သည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အပိုင်း (၃) နယ်မြေအတွင်း တရားမဝင်အဆောက်အအုံ ကိုးလုံးကို ထပ်မံဖြိုချ ဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ အပိုင်း(၃)ပိုင်းတွင် တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးရှိသည့်အနက် ၂၄၆ လုံးကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌လည်း ရှင်းလင်းဖော်ထုတ်မှုများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် အဆောက်အအုံ ၄၁ လုံးအတွင်း ထပ်မံစစ်ဆေးခဲ့ရာ အွန်လိုင်းလိမ်လည်မှု လုပ်ငန်းသုံး Computer၊ Mobile Phone နှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရှိခြင်းမရှိကြောင်း သိရှိရသည်။

ထို့ပြင် ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ခဲ့ပြီး အဆောက်အအုံများ၊ လမ်းဆုံလမ်းခွများ၌ ထွက်ပြေးတိမ်းရှောင်ပုန်းအောင်းနေထိုင်လျက်ရှိကြသည့် တရုတ်နိုင်ငံသား ၁၈၁ ဦး၊ မလေးရှားနိုင်ငံသား ခြောက်ဦး၊ ကင်ညာနိုင်ငံသား တစ်ဦး၊ ဖိလစ်ပိုင်နိုင်ငံသား နှစ်ဦး၊ ဆီရာလီယွန်နိုင်ငံသား နှစ်ဦး၊ မာလဝီနိုင်ငံသား တစ်ဦး၊ တရုတ်(တိုင်ပေ)မှ နှစ်ဦး စုစုပေါင်း ၁၉၅ ဦးတို့ကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။

ထို့ကြောင့် ရွှေကုက္ကိုလ်နယ်မြေအတွင်း စုစုပေါင်းဖော်ထုတ်ရှင်းလင်းမှုများအရ ယနေ့အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်နေထိုင်သည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၂၀၄၂ ဦးနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ ၃၀၉၈ လုံး၊ မိုဘိုင်းဖုန်း ၂၁၇၅၀ လုံး၊ Star Link ဘန်း ၁၀၂ လုံး၊ Router ၂၂ လုံးနှင့် လုပ်ငန်းသုံးပစ္စည်းအများအပြားကို စိစစ်တွေ့ရှိ ဖမ်းဆီးရမိခဲ့ပြီး သိမ်းဆည်းရမိပစ္စည်းများအား စနစ်တကျ ဖျက်ဆီးရှင်းလင်းခဲ့ကြောင်းနှင့် ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် တရားမဝင်ပြည်ပနိုင်ငံသားများကို မြဝတီမြို့နယ် ပူလွဲပူကျေးရွာအုပ်စု ရွှေကုက္ကိုလ်မြိုင်ကျေးရွာအတွင်း လုံထင်းဝန်းရှိ အဆောက်အအုံ၌ ထိန်းသိမ်းထားရှိပြီး တရားမဝင်ပြည်ပနိုင်ငံသား စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ ပြည်ပနိုင်ငံသား ၁၄၄ ဦးကို စစ်ဆေးနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ယနေ့အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၂၈၈၂ ဦး ထိန်းသိမ်းနိုင်ခဲ့ကာ ၁၂၆၈၇ ဦးကို ပြည်နှင်နိုင်ရေး စစ်ဆေးခဲ့ပြီး ၎င်းတို့အနက်မှ ၁၀၀၂၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီးဖြစ်ကြောင်း၊ ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၈၅၃ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် (၂)ထပ်အဆောက်အအုံအား မဖြိုဖျက်မီနှင့်ဖြိုဖျက်ပြီး တွေ့ရစဉ်။




KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် (၅)ထပ်တိုက်အမှတ် C – 11 အဆောက်အအုံအား မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီး တွေ့ရစဉ်။




KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် (၅)ထပ်တိုက် လူနေအဆောက်အအုံအား မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီး တွေ့ရစဉ်။




တရားမဝင် နိုင်ငံခြားသားများ ထိန်းသိမ်းထားရှိမှုကို တွေ့ရစဉ်။



တရားမဝင်နိုင်ငံခြားသားများ ထားရှိနိုင်သည့် (၅)ထပ်တိုက် အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။



တရားမဝင်နိုင်ငံခြားသားများ ထားရှိနိုင်သည့် (၉)ထပ်တိုက် အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။



တရားမဝင်နိုင်ငံခြားသားများ ထားရှိနိုင်သည့် (၇)ထပ်တိုက် အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။



တရားမဝင်နိုင်ငံခြားသားများ ထားရှိနိုင်သည့် (၈)ထပ်တိုက် အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။

# နိုင်ငံတကာ အားကစား သတင်းများ

## နည်းပြ အလွန်ဆို ရီးရဲလ်မက်ဒရစ်အသင်း နည်းပြရာထူးမှ ထုတ်ပယ်ခံရဖွယ်ရှိဟု သတင်းများထွက်ပေါ်



**မက်ဒရစ် နိုဝင်ဘာ ၂၆**

ရီးရဲလ်မက်ဒရစ်အသင်း နည်းပြ အလွန်ဆိုသည် လက်ရှိအချိန် အသင်းကစားသမားများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် နည်းပြရာထူးမှ ထုတ်ပယ်ခံရဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

အဆိုပါ နည်းပြသည် ရီးရဲလ်မက်ဒရစ်အသင်းကို ၂၀၂၅ခုနှစ် ဇွန် ၁ရက်မှ စတင်ကိုင်တွယ်ခဲ့သော်လည်း အသင်းကစားသမားများနှင့် အဆင်မပြေဖြစ်နေလျက်ရှိသည်။

နည်းပြ အလွန်ဆိုသည် ရီးရဲလ်မက်ဒရစ်အသင်းကို ပြိုင်ပွဲစုံ ၂၃ပွဲကိုင်တွယ်ထားရာ ၁၇ပွဲနိုင်၊ ၃ပွဲသရေ၊ ၃ပွဲရှုံး ရလဒ်ပိုင်ဆိုင်ထားသည်။

ထို့ကြောင့် နည်းပြ အလွန်ဆိုအနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း ရီးရဲလ်မက်ဒရစ်အသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(အပေါ်ဝဲပုံ)**

**(NGB)**



## 2025 Open BLS de Limoges တင်းနစ်ပြိုင်ပွဲ ဒီဇင်ဘာ ၈ ရက်တွင် စတင်သွားမည်

**လန်ဒန် နိုဝင်ဘာ ၂၆**

ပြင်သစ်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Open BLS de Limoges တင်းနစ်ပြိုင်ပွဲ လာမည့် ဒီဇင်ဘာ ၈ ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2025 Open BLS de Limoges တင်းနစ်ပြိုင်ပွဲကို ဒီဇင်ဘာ ၈ရက်မှ ၁၅ရက်အထိ ၈ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2025 Open BLS de Limoges တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Open BLS de Limoges တင်းနစ်ပြိုင်ပွဲ၏ လက်ရှိ ချန်ပီယံမှာ ဆွစ်ဇာလန်တင်းနစ်မယ် Viktorija Golubic ဖြစ်သည်။

**(အပေါ်ပုံ)**

**(NGB)**

## နည်းပြ ဂွါဒီယိုလာ မန်စီးတီးအသင်းနည်းပြဘဝ ချန်ပီယံလိဂ် ပွဲပေါင်း ၁၀၀ ပြည့်မြောက်

**လန်ဒန် နိုဝင်ဘာ ၂၆**

နည်းပြ ဂွါဒီယိုလာ မန်စီးတီးအသင်း နည်းပြဘဝ ချန်ပီယံလိဂ် ပွဲပေါင်း ၁၀၀ ပြည့်မြောက်သည့် စံချိန်မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ နည်းပြသည် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် မန်စီးတီးအသင်းက လေဗာကူဆင်အသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်ကို ကိုင်တွယ်ပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

အသက်(၅၄)နှစ်အရွယ်ရှိ ဂွါဒီယိုလာက "ကျွန်တော် အခုလို ချန်ပီယံလိဂ် ပွဲပေါင်း ၁၀၀ ပြည့်မြောက်သည့် စံချိန်မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ရှုံးနိမ့်ခဲ့သည့်အတွက်တော့ ဝမ်းနည်းမိပါတယ်။ နောက်ထပ်လည်း မန်စီးတီးအသင်းကို ပွဲတွေ ဆက်လက်ကိုင်တွယ်ပြီး အောင်မြင်မှုများ ရယူနိုင်ဖို့ ကြိုးစားသွားမှာပါ"ဟု ပြောသည်။

**(NGB)**




## ဂျိုးလ်အော်ဒိုနက်ဇ်ကို ခေါ်ယူရန် လီဗာပူးအသင်းစီစဉ်

**လန်ဒန် နိုဝင်ဘာ ၂၆**

လီဗာပူးအသင်းသည် ကလပ်ဘရူဂျက်စ်အသင်း နောက်ခံကစားသမား ဂျိုးလ်အော်ဒိုနက်ဇ်ကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၁)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ကလပ်ဘရူဂျက်စ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၆ ပွဲကစားပြီး ၃ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လီဗာပူးအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ကလပ်ဘရူဂျက်စ်အသင်းကလည်း ဂျိုးလ်အော်ဒိုနက်ဇ်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် လီဗာပူးအသင်းအနေဖြင့် ကလပ်ဘရူဂျက်စ်အသင်းထံမှ ဂျိုးလ်အော်ဒိုနက်ဇ်အား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

**(အောက်ပုံ)**

**(NGB)**






## ပေါ်တူဂီအသင်းနှင့် ဩစတြီးယားအသင်းတို့ယနေ့ယှဉ်ပြိုင်ကစားမည်

**လန်ဒန် နိုဝင်ဘာ ၂၆**

လက်ရှိကျင်းပနေသည့် ဖီဖာ ယူ-၁၇ ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ပေါ်တူဂီအသင်းနှင့် ဩစတြီးယားအသင်းတို့ ယနေ့ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ဖီဖာ ယူ-၁၇ ကမ္ဘာ့ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ပေါ်တူဂီအသင်းက ဘရာဇီးအသင်းကို ပင်နယ်တီအဆုံးအဖြတ်ဖြင့်လည်းကောင်း၊ ဩစတြီးယားအသင်းက အီတလီအသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့်လည်းကောင်း အသီးသီး နိုင်ပွဲရရှိပြီး ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့သည်။ **(အပေါ်ပုံ)**

ဖီဖာ ယူ-၁၇ ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ပေါ်တူဂီအသင်းနှင့် ဩစတြီးယားအသင်းတို့ နိုဝင်ဘာ ၂၇ရက်(ယနေ့) မြန်မာစံတော်ချိန် ညသ၀နာရီ ၃၀မိနစ်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(NGB)**

## အဲရစ်ဂါစီယာ ဘာစီလိုနာအသင်းနှင့်သက်တမ်းတိုးစာချုပ် ချုပ်ဆိုမည်

**ဘာစီလိုနာ နိုဝင်ဘာ ၂၆**

ဘာစီလိုနာအသင်းသည် အသင်းနောက်ခံကစားသမား အဲရစ်ဂါစီယာကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုသွားမည်ဖြစ်သည်။

အသက်(၂၄)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို ပီအက်စ်ဂျီအသင်းက မြင့်မားသည့် ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် ကမ်းလှမ်းခဲ့သော်လည်း ဘာစီလိုနာအသင်းက ငြင်းပယ်ခဲ့သည်။

နောက်ခံကစားသမား အဲရစ်ဂါစီယာသည် ဘာစီလိုနာအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၇ပွဲကစားပြီး ၁ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် စီစဉ်လာခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းထုတ်ပြန်ချက်တွင် "အဲရစ်ဂါစီယာကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် စီစဉ်သွားမှာပါ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်"ဟု ထုတ်ပြန်သည်။

**(အောက်ပုံ) (NGB)**



## ဒိုမိနစ်ခ်ခိုးလ် အနီကတ်ပြစ်ဒဏ်အတွက် ၃ပွဲပယ်နှင့် ယူရို ၁၅၀၀၀ ဒဏ်ရိုက်ခြင်းခံရ

**မြူးနစ် နိုဝင်ဘာ ၂၆**

မိန့်ဇ်အသင်း နောက်ခံကစားသမား ဒိုမီနစ်ခ်ခိုးလ် အနီကတ်ပြစ်ဒဏ်အတွက် ၃ပွဲပယ်နှင့် ယူရို ၁၅၀၀၀ ဒဏ်ရိုက်ခြင်းခံခဲ့ရသည်။

အဆိုပါ နောက်ခံကစားသမားသည် ဘွန်ဒက်လီဂါပွဲစဉ်အဖြစ် မိန့်ဇ်အသင်းက ဟော်ဖန်ဟိမ်းအသင်းနှင့် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည့်ပွဲစဉ်တွင် တိုက်ရိုက်အနီကတ်ပြစ်ဒဏ်ကြောင့် ယခုလို ဒဏ်ရိုက်ခြင်းခံခဲ့ရသည်။

နောက်ခံကစားသမား ဒိုမီနစ်ခ်ခိုးလ်သည် ကစားသမားဘဝ တစ်လျှောက် အနီကတ်(၉)ကြိမ် ထိပြသခံခဲ့ရပြီး ဘွန်ဒက်လီဂါသမိုင်းတွင် အနီကတ်အများဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ **(ယာပုံ)**

အသက်(၃၁)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် မိန့်ဇ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲပေါင်း ၁၁၀ကစားပြီး ၈ဂိုးထိ သွင်းယူထားသည်။

**(NGB)**



### မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၇)ပွဲကျန် — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၇-၁၁-၂၀၂၅ ကြာသပတေးနေ့ | ညနေ၃း၃၀နာရီ | (၁၂)ရာမည - ရှမ်း(၂) (D,L,L,L,D) (D,W,W,WW) | —— |

### ယူရိုပါလိဂ် ဘောလုံးပြိုင်ပွဲ(အမှတ်ပေး လိဂ်အဆင့်)(ပွဲစဉ်-၅)ဇယား — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(ပြည်တွင်းအမှတ်ပေးပွဲအဆင့်) |
|---|---|---|
| ၂၈-၁၁-၂၀၂၅ သောကြာနေ့ | နံနက်၀၀း၁၅နာရီ | (၁၈)ရိုးမား(အီတလီ-၁) - မစ်ဂျီလန်း(ဒိန်းမတ်-၂)(၁) |
| ။ | ။ | (၆)ဗီလာ(အင်္ဂလန်-၄) - ယန်းဘွိုင်းစ်(ဆွစ်ဇာလန်-၂)(၂၂) |
| ။ | ။ | (၁၄)ပေါ်တို(ပေါ်တူဂီ-၁) - နိစ်(ပြင်သစ်-)(၃၅) |
| ။ | ။ | (၁၅)ဖီနာဘာချီ(တူကီယဲ) - ဖီရန့်ဘားရို့စ်(ဟန်ဂေရီ-)(၃) |
| ။ | ။ | (၂၉)ဖီယင်နု(နယ်သာလန်-၂) - ဆဲလ်တစ်(စကော့တလန်-၂)(၂၇) |
| ။ | ။ | (၁၉)လိုင်လီ(ပြင်သစ်-) - ဒိုင်နမိုဇာဂရက်(ခရိုအေးရှား-)(၁၂) |
| ။ | ။ | (၃၀)လူဒိုဂိုရက်စ်(ဘူလ်ဂေးရီးယား) - ဆဲလ်တာဗီဂို(စပိန်-၁၂)(၄) |
| ။ | ။ | (၁၀)PAOK(ဂရိ-၁) - ဘရန်း(နော်ဝေ-)(၁၁) |
| ။ | ။ | (၈)ပလာဇင်(ချက်-) - ဖရိုင်းဘတ်(ဂျာမနီ-၁၁)(၂) |
| ။ | နံနက်၀၂း၃၀နာရီ | (၉)ဘက်တစ်(စပိန်-၅) - အူးထရက်(နယ်သာလန်-၅)(၃၂) |
| ။ | ။ | (၂၄)ဘိုလော့ညာ(အီတလီ-၅) - ဆောလ်ဘတ်(ဩစတြီးယား-)(၂၀) |
| ။ | ။ | (၂၆)ဝေက်စ်ဒါ(ဆားဘီးယား-၁) - FCSB(ရိုမေးနီးယား-၈)(၃၁) |
| ။ | ။ | (၂၁)ဂိုအဲဟဲဒ်(နယ်သာလန်-၁၂) - စတုဂတ်(ဂျာမနီ-၅)(၂၀) |
| ။ | ။ | (၁၃)ဂျန့်ခ်(ဘယ်လ်ဂျီယံ-၈) - ဘေဆယ်လ်(ဆွစ်ဇာလန်-)(၁၇) |
| ။ | ။ | (၃၄)မက္ကာဘီတဲလ်အာဗစ်(အစ္စရေး) - လိုင်ယွန်(ပြင်သစ်-)(၇) |
| ။ | ။ | (၂၃)နော့တင်ဟမ်(အင်္ဂလန်-၁၆) - မော်လ်မို(ဆွီဒင်-)(၃၃) |
| ။ | ။ | (၁၆)ပနာသီနာကို့စ်(ဂရိ-) - စတန်းဂရပ်ဇ်(ဩစတြီးယား-)(၂၅) |
| ။ | ။ | (၃၆)ရိန်းဂျားစ်(စကော့တလန်) - ဘရာဂါ(ပေါ်တူဂီ-၇)(၅) |



## မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင် တောင်သူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနား တက်ရောက်

**မကွေး နိုဝင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး၊ ၂၀၂၄-၂၀၂၅ ခုနှစ်၊ နွေစပါး စိုက်ပျိုးရာတွင် ဆာဖိုးသာစပါးမျိုး တစ်ဧက တင်း ၁၅၀ အထက်နှင့် အောင်နိုင်တိုးစပါးမျိုး တစ်ဧက တင်း ၁၃၀ အထက် ထွက်ရှိသော တောင်သူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက မကွေးမြို့ မြို့တော်ခန်းမတွင် ကျင်းပခဲ့ရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မကွေးတိုင်းဒေသကြီး တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စပါးစိုက်တောင်သူများနှင့် ဖိတ်ကြားထားသည့်ဧည့်သည်များ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မကွေးတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးယဉ်ထွန်းက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များနှင့် ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရခြင်း အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆာဖိုးသာ၊ အောင်နိုင်တိုး တစ်ဧကအထွက်နှုန်း အမြင့်ဆုံးရတောင်သူများအားလည်းကောင်း၊ ဆာဖိုးသာစိုက်ပျိုးမှုအများဆုံး ခရိုင်နှင့် မျိုးပြောင်းလဲမှု အများဆုံးခရိုင်အား တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်ကလည်းကောင်း၊ ဆာဖိုးသာ၊ အောင်နိုင်တိုး တစ်ဧကပျမ်းမျှအထွက်နှုန်းဆု၊ စိုက်ပျိုးမှုနှင့် မျိုးပြောင်းလဲမှုအများဆုံးဆုရ မြို့နယ်အသီးသီးမှ တောင်သူများအား အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆုပေးပွဲအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စိုက်ပျိုးရေးဦးစီးဌာနမှ ခင်းကျင်းထားသောပြခန်းငယ်များကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**မောင်နိုင်မင်း(ပြန်/ဆက်)**

## တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ် ပညာပေးရေးအစီအစဉ်ကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၆**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အိုးဘိုရွှေကျင်ရပ်ကွက်ရှိ ခုတင်(၁၀၀)ဆံ့ သင်ကြားရေးတိုင်းရင်းဆေးရုံ အစည်းအဝေးခန်းမတွင် နိုဝင်ဘာ ၂၅ ရက် မွန်းလွဲ ၂နာရီက မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း (မန္တလေးတိုင်းဒေသကြီး) နှင့် ခုတင်(၁၀၀)ဆံ့ သင်ကြားရေးတိုင်းရင်းဆေးရုံတို့ ပူးပေါင်းစီစဉ်ကျင်းပသော တိုင်းရင်းဆေးပညာစဉ်ဆက်မပြတ်ပညာပေးရေးအစီအစဉ်(CTME)အခမ်းအနားကို ကျင်းပခဲ့သည်။

အခမ်းအနားတွင် သဘာပတိအဖြစ် ဦးစန်းလွင်(တိုင်းဒေသကြီး ဦးစီးဌာနမှူး(ငြိမ်း)က အဖွင့်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် အခမ်းအနားဖြစ်မြောက်ရေး ကူညီပံ့ပိုးသူ ဦးဝင်းနိုင်(ရွှေမောင်းတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)အမရပူရမြို့နယ်အား ခုတင်(၁၀၀)ဆံ့ သင်ကြားရေးတိုင်းရင်းဆေးရုံအုပ်ကြီး ဒေါ်မီမီက ဂုဏ်ပြုလွှာကိုပေးအပ်ခဲ့ပြီး "အရိုးပွရောဂါ"အကြောင်းကို ဒေါ်သီဂီထွန်း အကြီးတန်းတိုင်းရင်းဆေးမှူး၊ အကြောအရိုးအဆစ်ကုဌာန၊ ခုတင်(၁၀၀)ဆံ့ သင်ကြားရေးတိုင်းရင်းဆေးရုံ၊ မန္တလေးမြို့က ဟောပြောပြီး တက်ရောက်လာသူများက သိလိုသည်များ မေးမြန်းမှုများအပေါ် ပြန်လည်ဆွေးနွေးပြောကြားပြီး တာဝန်ရှိသူတစ်ဦးက ဒေါ်သီဂီထွန်းအား ဂုဏ်ပြုလွှာကို ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ခုတင်(၁၀၀)ဆံ့ သင်ကြားရေး တိုင်းရင်းဆေးရုံ ဒုတိယ ဆေးရုံအုပ် ဒေါ်သိန်းထိုက်နှင့် ဆရာ၊ ဆရာမများ၊ မြို့နယ်များမှ တိုင်းရင်းဆေးမှူးများ၊ အလုပ်သင်ဆရာ၊ ဆရာမများ၊ ဒုတိယ တိုင်းရင်းဆေးမှူး၊ လက်ထောက်တိုင်းရင်းဆေးမှူးများ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (မန္တလေးတိုင်းဒေသကြီး)နှင့် အသင်းဝင်များ ဖိတ်ကြားထားသူများ၊ တိုင်းရင်းဆေးနှင့် နီးနွယ်သူများ တက်ရောက်ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**(၀၇၀)**



## ရတနာပုံတက္ကသိုလ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် နေ့သင်တန်းများ ဖွင့်လှစ်

**မန္တလေး နိုဝင်ဘာ ၂၆**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရတနာပုံတက္ကသိုလ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဘွဲ့ကြိုသင်တန်း၊ ဘွဲ့လွန်သင်တန်း၊ ဂုဏ်ထူးတန်း၊ မဟာအရည်အချင်းစစ်သင်တန်း၊ မဟာသင်တန်း၊ မဟာဘွဲ့(ဥပဒေ) သင်တန်းနှင့် စာကြည့်တိုက်နှင့် သုတပညာ ဒီပလိုမာသင်တန်း စသည့် နေ့သင်တန်းအသီးသီးတို့၏ ပထမပညာသင် စာသင်ကာလနှင့် ဒုတိယပညာသင် စာသင်ကာလများကို နိုဝင်ဘာ ၂၄ ရက်မှစတင်၍ ဖွင့်လှစ်ကြောင်းနှင့် သင်တန်းနှစ်အသီးသီးတို့၏ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို နိုဝင်ဘာ ၁၇ရက်မှစ၍ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ပိတ်ရက်မရှိ လက်ခံဆောင်ရွက်ပေးလျက်ရှိသည်။

ရတနာပုံတက္ကသိုလ်တွင် သင်ကြားပို့ချပေးနေသည့် အထူးပြုဘာသာရပ်များမှာ မြန်မာစာ၊ မြန်မာမှု၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လေ့လာမှုပညာ၊သမိုင်း၊ဒဿနိကဗေဒ၊ စိတ်ပညာ၊ ဥပဒေပညာ၊ အရှေ့တိုင်းပညာ၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ မနုဿဗေဒ၊ ရှေးဟောင်းသုတေသနပညာ၊ ဓာတုဗေဒ၊ ဇီဝဓာတုဗေဒ၊ ရူပဗေဒ၊ နျူကလီယရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ အဏုဇီဝဗေဒ၊ ဘူမိဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ၊ စာကြည့်တိုက်နှင့် သုတပညာ၊ မှတ်တမ်းနှင့်မော်ကွန်းစီမံခန့်ခွဲမှုပညာ၊ စီးပွားရေးပညာ၊ ကွန်ပျူတာသိပ္ပံပညာနှင့် အားကစားပညာ စသည့် ဘာသာရပ်ပေါင်း ၂၈ ဘာသာကို သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**(၀၈၂)**

*-*-*-*-*-*

## မန္တလေးဈေးကွက်အတွင်း ပဲကြီးဈေးနှုန်း အနည်းငယ်မြင့်တက်လာ

**မန္တလေး နိုဝင်ဘာ ၂၆**

မန္တလေးဈေးကွက်အတွင်းတွင် ပဲကြီးဈေးနှုန်းများမှာ ပြည်တွင်းဝယ်ယူမှုကောင်းမွန်ခြင်းကြောင့် ဈေးနှုန်းမြင့်တက်လာကြောင်း မန္တလေး ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်းမှ သိရသည်။

ပဲကြီးဈေးနှုန်းမှာ တစ်ပိဿာလျှင် ယခင်က ငွေကျပ် ၆၇၀၀ မှ ယခုအခါ ငွေကျပ် ၇၈၀၀ သို့ မြင့်တက်လာပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိသည်။

"ဈေးကွက်ထဲမှာ ပစ္စည်းကလည်း မပေါဘူး။ ဒါပေမဲ့ ဝယ်ယူမှုကောင်းမွန်တဲ့အတွက် ဈေးတွေကောင်းလာတာဖြစ်ပါတယ်။ ပဲကြီးဈေးကွက်က အဓိက ပြည်တွင်းဝယ်ယူမှုပေါ်မှာ မူတည်တာပါ။ အခုရက်ပိုင်း ပြည်ပက ဝယ်ယူမှုကတော့ နည်းပါတယ်" ဟု အဆိုပါအသင်းမှ ကုန်သည်တစ်ဦးက ပြောသည်။

ပဲကြီးကို ပြည်တွင်းစားသောက်ကုန်လုပ်ငန်းများ၊ ပဲကြော်ထုတ်လုပ်သည့်လုပ်ငန်းများ၊ ပဲအမှုန့်ကြိတ်လုပ်ငန်းများက အဓိကထားဝယ်ယူကြပြီး ဈေးကွက်လိုအပ်ချက် များပြားသည့်သီးနှံဖြစ်ကြောင်း၊ ပြည်ပနိုင်ငံများကလည်း စားသောက်ကုန် လုပ်ငန်းများထုတ်လုပ်ရန်အတွက် ဝယ်ယူမှုများကို လုပ်ဆောင်ကြသည့် သီးနှံအမျိုးအစားဖြစ်သည်။

ပဲကြီးမှာ ပြည်တွင်းလိုအပ်ချက် များပြားသော သီးနှံအမျိုးအစားဖြစ်ခြင်းကြောင့် တောင်သူများအတွက် စိုက်ပျိုးသင့်သော သီးနှံအမျိုးအစားဖြစ်ကြောင်း၊ ပဲကြီးကို စားသောက်ကုန် အမျိုးမျိုး၊ တိရစ္ဆာန်အစာအဖြစ် ထုတ်လုပ်ခြင်းနှင့် အခြားသော ထုတ်ကုန်အမျိုးမျိုးတို့အတွက် ထုတ်လုပ်နိုင်သည်။ **(အောက်ပုံ)**

ပဲကြီးက အေးသောရာသီဥတုကို ကြိုက်နှစ်သက်ပြီး အပူပိုင်းဒေသနှင့် သမရွှေပိုင်းဒေသများတွင် စိုက်ပျိုးလျှင် ပိုမိုဖြစ်ထွန်းကြောင်း၊ မြေအမျိုးအစားမှာ နုန်းမြေအမျိုးအစားကို ကြိုက်နှစ်သက်ပြီး မြေချဉ်၊ မြေငန်တို့တွင်လည်း စိုက်ပျိုးနိုင်ကြောင်း သိရသည်။**(မန္တလေးနေ့စဉ်-၈)**



## မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဒုတိယနှစ်နှင့်တတိယနှစ်သင်တန်းများတွင် သင်ကြားပို့ချပေးမည့် Elective Course ဘာသာရပ် မိတ်ဆက်

**မန္တလေး နိုဝင်ဘာ ၂၆**

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အသီးသီးတို့တွင် ကျောင်းတက်ရောက်ပညာသင်ကြားလျက်ရှိပြီး ဒုတိယနှစ်နှင့် တတိယနှစ်သင်တန်းများတွင် သင်ကြားပို့ချမည့် Elective Course ဘာသာရပ်မိတ်ဆက်ခြင်း အခမ်းအနားကို နိုဝင်ဘာ ၂၄ ရက်



နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် သီရိရတနာခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနား၌ သက်ဆိုင်ရာဘာသာရပ်ဌာနအသီးသီးမှ ဆရာ၊ ဆရာမများက ဒုတိယနှစ်နှင့် တတိယနှစ်သင်တန်းများတွင် သင်ကြားပို့ချမည့် Elective Course ဘာသာရပ်မိတ်ဆက်ခဲ့ကြောင်း၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဝိဇ္ဇာဘွဲ့ကြိုသင်တန်းနှစ်အသီးသီး၊ ဒီပလိုမာအချိန်ပြည့်၊ အချိန်ပိုင်းသင်တန်း၊ မဟာဝိဇ္ဇာအရည်အချင်းစစ်သင်တန်း၊ ပထမနှစ် မဟာဝိဇ္ဇာသင်တန်း၊ ဒုတိယနှစ် မဟာဝိဇ္ဇာသင်တန်းတို့၏ (ပထမပညာသင်ကာလ)နှင့် စတုတ္ထနှစ်သင်တန်း (၂၀၂၀ အောင်) (ဒုတိယပညာသင်ကာလ)တို့ကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၂၄ ရက်မှ စတင်၍ ဖွင့်လှစ်ပို့ချသင်ကြားပေးလျက်ရှိရာ ကျောင်းသား၊ ကျောင်းသူများ ပျော်ရွှင်စွာ တက်ရောက်သင်ကြားနေကြကြောင်း သိရသည်။

**(ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၄)**

# ပြင်ဦးလွင်မြို့နယ်ရှိ ဝါးနက်အပန်းဖြေဆင်စခန်းသို့ လာရောက်လည်ပတ်သူများပြား၊ ဆင်စာဘူဖေးကျွေးမွေး

**မန္တလေး နိုဝင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ မန္တလေး-ပြင်ဦးလွင်လမ်းမှ ၅မိုင်၅ဖာလုံ အကွာ ရဲရွာရေအားလျှပ်စစ်စက်ရုံ လမ်းပေါ်ရှိ သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနပိုင် ဝါးနက်အပန်းဖြေဆင်စခန်းသို့ အများပြည်သူ အလုပ်ပိတ်ရက်ဖြစ်သော စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင် မန္တလေးမြို့နှင့် အနီးတစ်ဝိုက်မှ ပြည်သူများ လာရောက်အပန်းဖြေကြပြီး ဆင်စီးခြင်း၊ ဆင်စခန်း ဥယျာဉ်အတွင်း လည်ပတ်ခြင်း၊ ဆင်စာဘူးဖေးကျွေးခြင်း ကုသိုလ် ပြုကြသည်။



ဝါးနက်အပန်းဖြေစခန်းရှိ ဆင်များအတွက် ဆင်စာဘူဖေး အသီးအနှံများ လှူဒါန်းကြရာ ယမန်နေ့က မန္တလေးမြို့နေ ဦးသန်းစိုးဦး(အထွေထွေမန်နေဂျာ-သစ်ထုတ်ရေး) + ဒေါ်မိမိအောင် မိသားစုက ဆင်လေးများအတွက် ဆင်စာဘူဖေးနှင့် ဆင်စာစပါး ငွေကျပ် ၁၅၀၀၀၀ ဖိုး ကျွေးမွေး လှူဒါန်းသည်။ ဝါးနက်အပန်းဖြေဆင်စခန်းအတွင်း ဆင်စာဘူဖေး ကျွေးမွေးလိုပါက ဖုန်း ၀၉-၄၃၀ ၅၄၀၃စနှင့် ၀၉-၇၅၄၀၅၂၈၀၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ဝဲပုံ)(၀၄၅)



## ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ စွမ်းရည်မြှင့်တင်ပြိုင်ပွဲများ ကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၆**

ကျောင်းသား၊ ကျောင်းသူများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၅)သရက်ပင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတို့ ပူးပေါင်းကျင်းပသော စွမ်းရည်မြှင့်တင်ပြိုင်ပွဲများကို ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ယမန်နေ့မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်က ပြိုင်ပွဲများ၏ စည်းမျဉ်း၊စည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ စွမ်းရည်မြှင့်တင်ပြိုင်ပွဲများကို ကျင်းပရာ အမှတ်(၅)သရက်ပင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှ Grade-5 ကျောင်းသား၊ကျောင်းသူ ၅၀ ဦးပါဝင် ယှဉ်ပြိုင်ခဲ့ကြသည်။

စွမ်းရည်မြှင့်တင်ပြိုင်ပွဲများတွင် ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ သင်္ချာဉာဏ်စမ်း၊ အင်္ဂလိပ်စာစွမ်းရည်၊ ပုံဆက်ဆွဲပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲစသည့် ပြိုင်ပွဲအမျိုးအစား ရှစ်မျိုးပါဝင်ခဲ့ပြီး အဆိုပါပြိုင်ပွဲများတွင် ဆုရရှိသူများအား စာရေးကိရိယာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)

ချမ်းမြေ့မောင်(ချမ်းစံ)

**နွားထိုးကြီးမြို့ မြို့နယ်အား/ကာခန်းမ အတွင်း၊ အပြင်တွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ ပူးပေါင်း၍ နိုဝင်ဘာ ၂၅ရက် နံနက် ၇နာရီက ဝန်ထမ်းအင်အား ၁၆၂ ဦးဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။**

**တင့်လွင်ဦး**



## ကျောက်ဆည်-တံတားဦး မြို့ချင်းဆက်လမ်း၌ ရေတိုက်စားနေသည့် တာပေါင်အား ပြန်လည်ပြုပြင်ပေး

**ကျောက်ဆည် နိုဝင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်လမ်းဦးစီးဌာနမှ မြို့နယ်အတွင်း ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေး ဘဏ္ဍာနှစ်အလိုက်ပျက်စီးနေသည့် လမ်းများအားပြန်လည်ပြုပြင်ပေးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျောက်ဆည်မြို့နှင့်တံတားဦးမြို့နယ်ချင်း ဆက်သွယ်ထားသောလမ်း၌ ရေတိုက်စားနေသည့် လမ်းပိုင်းတာပေါင်အား ပြန်လည်ပြုပြင်ပေးခဲ့သည်။

လမ်းတာပေါင်ပြုပြင်ခြင်း လုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီး ခန့်မှန်းခွင့်ပြုရန်ပုံငွေကျပ်(ငွေလုံးငွေရင်း) ၄၉ ဒသမ ၆ သန်းဖြင့် မြို့နယ်လမ်းဦးစီးဌာနမှ ရေတိုက်စားသွားသော ၁၁ ဒသမ ၂ ကီလိုမီတာနှင့် ၁၂ ဒသမ ၅ ကီလိုမီတာအတွင်းရှိ အရှည် ၁ ဒသမ ၃ ကီလိုမီတာ၊ ပျမ်းမျှအကျယ် ၁ ဒသမ ၅၂ မီတာရှိ လမ်းတာပေါင်အား ပြန်လည်ပြုပြင်ပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါလမ်းသည် ကျောက်ဆည်မြို့နှင့် တံတားဦးမြို့တို့အား ဆက်သွယ်ထားသည့် လမ်းမကြီးဖြစ်သောကြောင့် အလွန်အရေးပါသည့် လမ်းတစ်လမ်းဖြစ်ပြီး လမ်းတာပေါင်ပြန်လည်ပြုပြင်ပေးသည့်အတွက် လမ်းအသုံးပြုသည့် ဒေသခံပြည်သူများ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ (အောက်ပုံ)

(၄၈၅)



## ပြည်ထောင်စုပြင်ထိန်း ရန်ပုံငွေဖြင့်ဆောင်ရွက်မည့်လုပ်ငန်းများအား တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

**တောင်တွင်းကြီး နိုဝင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေ စုစုပေါင်း ၂၆ ဒသမ ၈ သန်းဖြင့် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်မည့်လုပ်ငန်းများအား နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများ မဆောင်ရွက်မီ ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်းများဆောင်ရွက်ရာတွင် မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းထွန်းဦး၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာနှင့် လုပ်ငန်းဆောင်ရွက်မည့် အင်ဂျင်နီယာများက တောင်တွင်း-အောင်လံကားလမ်းမှ-ထန်းပင်ကုန်းလမ်းပေါ်ရှိ မူလ အုတ်စီကမ်းကပ်ခုံနှင့် သစ်သားကြမ်းခင်းတံတား၏ ပျက်စီးနေသောကြမ်းခင်းအား(၁၈ × ၁၅) (5.48 m x 4.57 m)အကျယ် သံကူကွန်ကရစ်ကြမ်းခင်းအဖြစ် ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းနှင့် တောင်တွင်းကြီး-မြို့သစ်ကားလမ်း-ငမင်လမ်းမှ လက်ပံဘုလမ်းပေါ်ရှိ Box Culvert တစ်စင်းပြုပြင်ခြင်း(1.52mx 1.52 mx 7.32m)လုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုခဲ့ကြကြောင်း သိရသည်။ (အောက်ပုံ)

နောင်နောင်(ဗိဿနိုးမြေ)



## ကျောက်ပန်းတောင်းမြို့နယ်တွင် မိုးကောင်းသောက်စပါးများ အောင်မြင်ဖြစ်ထွန်းပြီး ရိတ်သိမ်းချိန် အထွက်နှုန်းကောင်းလျက်ရှိ

**ညောင်ဦး နိုဝင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်တွင် ရာသီဥတုကောင်းမွန်ခြင်းနှင့်အတူ မိုးကောင်းသောက်စပါး(မိုးစပါး)များ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ရိတ်သိမ်းချိန်အထွက်နှုန်းကောင်းလျက်ရှိကြောင်း မိုးကောင်းစပါးစိုက်ပျိုးသူ တောင်သူများထံမှ သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် မိုးကောင်းသောက်စပါးကို ဝါခေါင်လတွင် စတင်စိုက်ပျိုးကြပြီး နယုန်လနှင့် ဝါဆိုလတို့တွင် ပျိုးထောင်ကြကြောင်း၊ ပျိုးထောင်ပြီး ၂၁ ရက် ပျိုးရက်သားမှ ၄၅ ရက်သား ပျိုးပင်များကို ရွှေ့ပြောင်းပြီး စိုက်ပျိုးကြသည်။

မိုးရေတိုက်ရိုက်ကျရောက်ခြင်းနှင့် မိုးရွာသွန်းမှုမှ စပါးစိုက်ခင်းများအတွင်း ရေမြောင်းသွယ်ယူ၍ ရေဝင်စေခြင်းကြောင့် မိုးကောင်းသောက်စပါးဟု ခေါ်ဆိုခြင်းဖြစ်ကြောင်း စပါးစိုက်ပျိုးတောင်သူ ဦးလှက ပြောသည်။

မိုးကောင်းသောက်စပါးမှာ အထွက်နှုန်း ကောင်းမွန်ခြင်းကြောင့် မိုးစပါးစိုက်ပျိုးမှု များပြားကာ မနောသုခ၊ စီသွယ်ရင်၊ ရောမင်း အစရှိသည့် စပါးမျိုးများကို ပျိုးထောင်စိုက်ပျိုးကြပြီး တစ်တင်းခွဲ စပါးပျိုးအိတ်တစ်အိတ်လျှင် ငွေကျပ် ၅၅,၀၀၀ မှ ၈၀,၀၀၀ အထိ ပေးဝယ်ကြရသည်။ (ယာပုံ)

ပုလဲသွယ်မျိုးစပါးများလည်း ယခုနှစ်တွင် ဝယ်ယူစမ်းသပ်စိုက်ပျိုးနေပြီး တစ်ပြည်လျှင် ငွေကျပ် ၈၀၀၀ ပေးဝယ်ကြရကြောင်း တောင်သူ ဦးမောင်ဝင်းက ပြောသည်။

မိုးကောင်းသောက်စပါးကို ကန်ပတ်လည်အုပ်စုတွင် အဓိက စိုက်ပျိုးကြပြီး တန်ဆောင်မုန်းနှင့် နတ်တော်လတို့တွင် ရိတ်သိမ်းလေ့ရှိကာ တစ်ဧကလျှင် တင်း ၇၀ မှ ၁၀၀ အထိ ထွက်ရှိကြောင်း၊ မိုးလေဝသမှန်ကန်သည့်နှစ်များတွင် မိုးစပါးများ စောစောစိုက်ပျိုးလေ့ရှိပြီး မိုးရွာသွန်းမှုနောက်ကျလျှင် မြေအောက်ရေသွင်း၍ စိုက်ပျိုးကြကြောင်း တောင်သူများထံမှ သိရသည်။

(၄၈၁)

*-*-*-*-*-*



ကျန်းမာရေးကဏ္ဍ

# ကျန်းမာရေးအတွက် ဆေးနည်းများ

အောင်မျိုးမြတ်(မန္တလေး)



## ဇီယာရွက်

ဇီယာရွက်ဟာ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများကို သက်သာစေနိုင်ပါတယ်။

အအေးမိခြင်းကြောင့် လည်ချောင်းနာပြီး နှာစေး၊ နှာပိတ်ဖြစ်ခြင်း၊ ချောင်းဆိုးခြင်းဖြစ်နေပါက ဇီယာရွက်ကို ရေစင်အောင်ဆေးပြီး ဝါးစားပေးပါ။ သို့မဟုတ် ရေနွေးဆူဆူထဲကို ဇီယာရွက်ထည့်ပြီး သောက်ပေးပါ။ ချွဲတွေကို ဖယ်ရှားပေးပါတယ်။ အသက်ရှူလမ်းကြောင်းတစ်လျှောက်မှာ ဘက်တီးရီးယားတွေရှိနေရင်လည်း အထိရောက်ဆုံးဖယ်ရှားပေးပြီး ကိုယ်ခံအားကိုလည်း ကောင်းစေပါတယ်။

အအေးမိ၊ ဖျားနာခံစားရတဲ့အခါ အဖျားသက်သာစေရန် ဇီယာရွက်ကို စားပေးလို့ရပါတယ်။ ဇီယာရွက်က ချွေးကနေတစ်ဆင့် ကိုယ်တွင်းက အဆိပ်အတောက်တွေကိုလည်း ဖယ်ရှားပေးနိုင်တဲ့ အစွမ်းသတ္တိတွေ ပါဝင်ပါတယ်။ အနာကိုလည်း အကျက်မြန်စေပါတယ်။

စိတ်ဖိစီးပြီး စိတ်ပူပန်မှုများနေရင် ရေစင်အောင်ဆေးထားတဲ့ ဇီယာရွက်ကို ရေနွေးဆူဆူထဲထည့်စိမ်ပြီး သောက်ပေးပါက စိတ်ကိုတည်ငြိမ်စေပြီး ညဘက်မှာလည်း ကောင်းကောင်းအိပ်ပျော်စေပါတယ်။

အရေပြားပြဿနာအတွက်လည်း ဇီယာရွက်ကို အသုံးပြုလို့ရပါတယ်။ အရေပြားမှာ ပိုးကောင်များ အကိုက်ခံရပါက ဇီယာရွက်ကို ရေစင်အောင်ဆေးပြီး ကြိတ်ချေ၍ အုံပေးပါ။ အရေပြားနီမြန်းပြီး ရောင်ရမ်းခြင်း၊ ယားယံခြင်းတွေအတွက်လည်း သက်သာစေပါတယ်။

ဇီယာရွက်မှာ ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေ ပါဝင်နေခြင်းကြောင့် ကင်ဆာဆဲလ်များ ပွားတာကို တားဆီးပေးနိုင်ပြီး ခန္ဓာကိုယ်မှာ ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေကြောင့် ထိခိုက်နိုင်ခြေကိုလည်း လျှော့ချပေးနိုင်ပါတယ်။

ဇီယာရွက်က ဆီးရွှင်စေပြီး ကိုယ်တွင်းက အဆိပ်အတောက်တွေကို ဆီးကနေတစ်ဆင့် ဖယ်ရှားပေးနိုင်ပါတယ်။ ကိုယ်တွင်းမှာ ပိုနေတဲ့ အငန်ဓာတ်တွေ၊ အဆီတွေ၊ ရေဓာတ်တွေကို ဆီးကနေတစ်ဆင့် စွန့်ထုတ်ပေးပါတယ်။ ကျောက်ကပ်ရဲ့ လုပ်ဆောင်မှုတွေကို အဆင်ပြေပြေလုပ်ဆောင်စေပါတယ်။

အစာအိမ်နာခြင်းနဲ့ အစာခြေစနစ်အတွက် အစာအိမ်ရောင်ရမ်းတာတွေကို သက်သာစေပါတယ်။ အူလမ်းကြောင်းမှာ လှုပ်ရှားမှုမမှန်တဲ့ ပြဿနာကိုလည်း သက်သာစေပါတယ်။ ဇီယာရွက်ကို ရေစင်အောင်ဆေးပြီး ရေနွေးထဲစိမ်သောက်ပေးပါ။

အဆစ်အမြစ်ရောင်ခြင်းနဲ့ အရိုးပွရောဂါတွေအတွက်လည်း စားသုံးပေးလို့ရပါတယ်။ မျက်စိနဲ့ ပတ်သက်တဲ့ရောဂါများအတွက်လည်း သက်သာစေနိုင်ပါတယ်။

ဇီယာရွက်မှာ ဗီတာမင်အေ ကြွယ်ဝစွာပါဝင်ခြင်းကြောင့် အမြင်အာရုံကို ကောင်းစေပါတယ်။ မျက်လုံးကြွက်သားတွေကိုလည်း ကာကွယ်ပေးနိုင်တဲ့ အာနိသင်တွေ ပါဝင်နေပါတယ်။ မျက်သားတက်၊ မျက်လုံးအတွင်းတိမ်၊ အပြင်တိမ်၊ မျက်လုံးယားယံခြင်းတွေအတွက်လည်း သောက်သုံးနိုင်ပါတယ်။ အရွက်ခပ်ထူထူလေးနဲ့ အပေါ်မှာ အမွေးပါးပါးလေးတွေပါတဲ့ ဇီယာရွက်က ကျန်းမာရေးအတွက် အကျိုးကျေးဇူးတွေ အများကြီးပေးစွမ်းနိုင်လို့ သောက်သုံးသင့်ပါတယ်။

ဇီယာရွက်ဟာ ဆေးဖက်ဝင်သလို တန်ဆေးလွန်ဘေး ဆိုတဲ့ စကားလည်းရှိသောကြောင့် အလွန်အကျွံ မစားသုံးမိဖို့တော့ လိုအပ်ပါတယ်။



## မြေပဲ

မြေပဲမှာ အဆီကောင်း (HDL) အထူးသဖြင့် မပြည့်ဝဆီတွေ ကြွယ်ဝစွာ ပါဝင်ပါတယ်။ ဒါတွေက အဆီဆိုး (LDL) ကို လျှော့ချပေးပြီး နှလုံးရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးပါတယ်။

မြေပဲထဲက ပရိုတင်းနဲ့ အမျှင်ဓာတ်တွေက သွေးတွင်းသကြားဓာတ်ကို တည်ငြိမ်စေရန် ကူညီပေးပါတယ်။ ဒါကြောင့် ဆီးချိုသမားတွေအတွက် အသင့်အတင့် စားသုံးရန် သင့်တော်ပါတယ်။

ကယ်လိုရီမြင့်မားသော်လည်း မြေပဲထဲက အဆီကောင်းနဲ့ ပရိုတင်းဓာတ်တွေက ဗိုက်ပြည့်စေပြီး မကြာခဏ အစာစားချင်စိတ်ကို ထိန်းချုပ်ပေးပါတယ်။ ကိုယ်အလေးချိန်လျှော့ချလိုသူတွေ စားသုံးပေးသင့်ပါတယ်။

ဗီတာမင်ဘီအုပ်စု အထူးသဖြင့် နိုင်ယာစင်နဲ့ ဖောလိတ်တို့ ပါဝင်သောကြောင့် ဦးနှောက်ကို အားကောင်းစေပြီး အယ်လ်ဇိုင်းမားရောဂါကို ကာကွယ်ပေးနိုင်ပါတယ်။

မြေပဲသည် ဝိုင်နီထဲမှာ တွေ့ရတဲ့ (ရက်စ်ဗာရာထရော်လ်)ဓာတ်ပါဝင်သောကြောင့် ဆဲလ်တွေ ယိုယွင်းပျက်စီးခြင်းကို ကာကွယ်ပေးနိုင်ပြီး ကင်ဆာဖြစ်နိုင်ခြေကိုပါ လျှော့နည်းစေပါတယ်။

မဂ္ဂနီစီယမ်၊ ပိုတက်စီယမ်နဲ့ ကြေးနီဓာတ်တို့ ပါဝင်သောကြောင့် သွေးလည်ပတ်မှုကို ကောင်းမွန်စေဖို့ အထောက်အကူပြုပါတယ်။

မြေပဲကို ဆီဖြင့် ကြော်စားခြင်းထက် ပြုတ်၍ သို့မဟုတ် ဖုတ်၍ စားသုံးသင့်ပါတယ်။



## ကွမ်းရွက်

ကွမ်းရွက်မှာ အငန်ကလွဲ၍ ကျန်အရသာ ငါးမျိုးပါရှိပါတယ်။

ကွမ်းရွက်ကို မျက်စိနဲ့ နှာတံကြားမှာ ကပ်ပေးခြင်းဖြင့် ရေတိမ်သမားများ မျက်လုံးပြန်ကောင်းမွန်စေပါတယ်။

ကွမ်းရွက်ကို နားထဲသို့ လိပ်၍ထည့်ပေးပါက နားလေးခြင်း၊ နားထိုင်းခြင်းတို့ကို ပျောက်ကင်းစေပါတယ်။

ခေါင်းကိုက်၊ ခေါင်းမူးနေပါက ကွမ်းရွက်ကို နားထင်တွင် ကပ်ပေးပါ။

သွားဖုံးနာနဲ့ ပါးစပ်ထဲတွင် အပူဖုပေါက်ပါက ကွမ်းရွက်ကပ်ပေးခြင်း၊ ကွမ်းရွက်ငုံပေးခြင်းဖြင့် ပျောက်ကင်းစေပါတယ်။

နှလုံးသွေးကြောကျဉ်းခြင်း၊ နှလုံးသွေးကြောပိတ်ခြင်းဖြစ်ပါက ကွမ်းရွက်ကို နှလုံးနေရာတွင် ကပ်ပေးပါက သက်သာပျောက်ကင်းစေပါတယ်။

ကွမ်းရွက်ကို ရင်ဘတ်နှင့် ကျောဘက် အဆုတ်နေရာများ၌ ကပ်ပေးပါက အဆုတ်ကို ကောင်းမွန်စေပါတယ်။

ဝက်ခြံနဲ့ တင်းတိပ်ပေါက်ပါက ကွမ်းရွက်ကို မီးကင်၍ ကပ်ပေး၊ လိမ်းပေးခြင်းဖြင့် ပျောက်ကင်းစေပါတယ်။

ချောင်းဆိုး၊ ရေချိုးမှား၍ ဖျားပါက ကွမ်းရွက်ထဲ လျက်ဆားထည့်၍ ဝါးစားပေးပါက ပျောက်ကင်းစေပါတယ်။

သားအိမ်ကင်ဆာဖြစ်ပါက သားအိမ်တစ်ဝိုက်တွင် ကွမ်းရွက်ကို မီးကင်၍ ကပ်ပေးပါက သက်သာပျောက်ကင်းစေပါတယ်။

နို့တိုက်မိခင်များ နို့ချောင်းပိတ်၊ နို့ကျိတ်ရောင်ဖြစ်ပါက နှမ်းဆီ၊ အုန်းဆီ၊ မုန်ညင်းဆီ တစ်မျိုးမျိုးဖြင့် ကွမ်းရွက်ကိုသုတ်၍ ကပ်ပေးလျှင် သက်သာပျောက်ကင်းစေပါတယ်။

ကလေးငယ်များ နှာစေး၊ နှာပိတ်၊ အသက်ရှူကြပ်ပါက နှမ်းဆီ၊ အုန်းဆီ၊ မုန်ညင်းဆီ တစ်မျိုးမျိုးဖြင့်သုတ်၍ ကွမ်းရွက်အလယ်ကို အပေါက်ဖောက်၍ ငယ်ထိပ်တွင် ကပ်ပေးပါက ချက်ချင်းသက်သာစေပါတယ်။

ကလေးငယ်များ ချောင်းဆိုးပါက ကွမ်းရွက်စိမ်းသတ္တုရည်ကို ဆားအနည်းငယ်ထည့်၍ တစ်နေ့လျှင် ၁၀ စက်မှ အစက် ၃၀ အရွယ်ကို ချိန်၍ တိုက်ကျွေးပေးပါက သက်သာပျောက်ကင်းစေပါတယ်။

လိပ်ခေါင်းရှိသူများ စအိုတွင် ကွမ်းရွက်ကို လုံးချေ၍ ညှပ်ထားပေးပါက ချက်ချင်းသက်သာစေပါတယ်။



## ငရုတ်ကောင်း

ငရုတ်ကောင်းဟာ သွေးတွင်းအဆီဓာတ်များနေသူများ၊ ကိုယ်အလေးချိန်လျှော့ချချင်သူများအတွက် အထူးသင့်တော်ပါတယ်။

ငရုတ်ကောင်းအမည်းစေ့ သုံးစေ့ကို အစာစားပြီး သောက်ပေးပါ။ ငါးရက်ဆက်တိုက်စားပြီး နှစ်ရက်နားပေးခြင်းဖြင့် အောက်ပါကျန်းမာရေးအကျိုးကျေးဇူးများကို ရရှိမှာဖြစ်ပါတယ်။

သွေးတွင်းအဆီများကို ချေဖျက်ပေးပြီး သွေးအတွင်းအဆီဓာတ်များကို လျှော့ကျစေပါတယ်။

ခန္ဓာကိုယ်ထဲက ဓာတ်မမျှတမှုကို ပြန်လည်ကောင်းမွန်စေပါတယ်။

ဇီဝကမ္မဖြစ်စဉ်ကို မြှင့်တင်ပေးပြီး အဆီလောင်ကျွမ်းမှုကို ကူညီပေးပါတယ်။

အစာကြေလွယ်စေပြီး ဝမ်းဗိုက်ကို သက်သောင့်သက်သာ ဖြစ်စေပါတယ်။

လေကိုလည်း ထုတ်ပေးနိုင်ပြီး ချွဲ၊ သလိပ်တွေကိုလည်း ဖယ်ရှားပေးပါတယ်။

ခန္ဓာကိုယ်ထဲမှာ သွေးလေစီးဆင်းမှုကို ကောင်းမွန်စေပါတယ်။



## စမုန်နက်

စမုန်နက်ဟာ ကိုယ်ခံအားစနစ်ကို ကောင်းမွန်စေခြင်း၊ ခန္ဓာကိုယ်တွင်းမှာ အဆိပ်အတောက်များကို ကင်းစင်စေခြင်း၊ ချောင်းဆိုးခြင်းနဲ့ ပန်းနာရင်ကြပ်ရောဂါကို ပျောက်ကင်းစေနိုင်ခြင်း၊ အမြင်အာရုံကို တိုးတက်ကောင်းမွန်စေခြင်း၊ နောက်ကြောနာခြင်းကို သက်သာစေခြင်း၊ စွမ်းအင်ပမာဏကို မြှင့်တင်ပေးခြင်း၊ ဆံပင်ကိုသန်စေခြင်း၊ သွေးဖိအားကို ကျစေခြင်း၊ ဝမ်းလျှောဝမ်းပျက်ခြင်းကို ကုသပေးနိုင်ခြင်း၊ ခေါင်းကိုက်ခြင်းနဲ့ အော့အန်ခြင်းကို သက်သာစေနိုင်ခြင်း၊ ခံတွင်းပျက်ခြင်းကို ကောင်းမွန်စေခြင်း၊ အစာကို ကြေညက်စေခြင်း၊ အအေးမိခြင်း၊ ဝမ်းသွားခြင်း၊ ရေငတ်ခြင်း၊ ဝမ်းကိုက်ခြင်းတို့ကို ပျောက်ကင်းစေပါတယ်။

စမုန်နက်မှာ ဘက်တီးရီးယားပိုးများကို နှိမ်နင်းနိုင်တဲ့ သတ္တိရှိသောကြောင့် စမုန်နက်အနည်းငယ်ကို ဝါးစားပေးခြင်းဖြင့် ခံတွင်းသန့်ရှင်းရေးအတွက် ကောင်းစေပြီး ခံတွင်းအနံ့ဆိုးများကို ပျောက်ကင်းစေကာ သွားရည်ပိုထွက်စေပါတယ်။

စမုန်နက်မှာ ကင်ဆာဆဲလ်တွေကို တိုက်ဖျက်နိုင်တဲ့အစွမ်းသတ္တိရှိသောကြောင့် ကင်ဆာဆဲလ်တွေဖြစ်တည်မှုကို ကာကွယ်ပေးနိုင်ပါတယ်။

အသည်းရောဂါအတွက် စမုန်နက်ဆီကို အသုံးပြုပြီး ပျက်စီးနေတဲ့ အသည်းကို နောက်ထပ်ပျက်စီးခြင်းမှ ကာကွယ်ပေးနိုင်ပါတယ်။

သွေးထဲက အင်ဆူလင်ပမာဏကို မြှင့်တင်ပေးနိုင်ပြီး ဂလူးကို့စ်ပမာဏကိုလည်း လျှော့ချပေးနိုင်ပါတယ်။

စမုန်နက်အဆီကို သုံးခြင်းဖြင့် ဆီးချို ဝေဒနာရှင်များတွင် ဖြစ်တတ်သည့် လေအောင့်ခြင်း၊ ဝမ်းသွားခြင်း၊ ခေါင်းကိုက်ခြင်း၊ ရင်ပူခြင်း၊ လက်သည်း၊ ခြေသည်းများ အရောင်ပြောင်းခြင်း၊ ခံတွင်းပျက်ခြင်း၊ ကြွက်သားများ နာကျင်ခြင်းစသည်တို့ကို ပျောက်ကင်းစေပါတယ်။

အဝလွန်တဲ့ ခန္ဓာကိုယ်ကို အလေးချိန်လျှော့ချရန် စမုန်နက်အပင်မှရသည့် စမုန်နက်ဆီက အထိရောက်ဆုံးဖြစ်ပါတယ်။ ဘေးထွက်ဆိုးကျိုးမရှိပါ။

အရေပြားပေါ်က အရေကြည်ဖုထွက်တဲ့ ယားနာများကိုလည်း သက်သာစေပါတယ်။

စမုန်နက်ဆီက အရေပြား၊ မျက်နှာနဲ့ ခန္ဓာကိုယ်အနံ့မှာဖြစ်တတ်တဲ့ ရောဂါတွေအတွက် အသုံးဝင်ပြီး ဦးရေပြားနဲ့ ဆံပင်အတွက် ကောင်းမွန်ပါတယ်။

စမုန်နက်ဆီဟာ အအေးမိပြီး နှာစေးခြင်း၊ နှာခေါင်းပိတ်ခြင်း၊ ဖုန်မှုန့်များကြောင့် အဆက်မပြတ်နှာချေခြင်းတို့ကို ပျောက်ကင်းစေပါတယ်။

ဘက်တီးရီးယားကြောင့်ဖြစ်တဲ့ ရောဂါတွေကိုလည်း ပျောက်ကင်းစေပါတယ်။

သွေးကြောပိတ်ဆို့ခြင်းနဲ့ နှလုံးနဲ့သက်ဆိုင်တဲ့ ရောဂါတွေကို သက်သာစေပြီး စိတ်ဖိစီးမှုနဲ့ သွေးတိုးရောဂါကိုလည်း သက်သာစေနိုင်ပါတယ်။

"အာရောဂျံ ပရမံ လာဘံ"

ကိုးကား – Tik Tok

# စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ



**သရက် နိုဝင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ဥယျာဉ်ကျောင်း ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဒေါ်နွယ်ဉ်ဝင်းက စားသုံးသူအခွင့်အရေး ရှစ်ချက်နှင့် စားသုံးသူ၏ တာဝန်များအကြောင်း ပြောကြားပေးခဲ့သည်။

ထို့နောက် စားသုံးသူရေးရာ ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ရီရီထွေးက ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အာမခံချက်ပေးခြင်းအကြောင်းအရာများကို ဆွေးနွေးပေးခဲ့ပြီး စားသုံးသူရေးရာ ဦးစီးဌာနမှဝန်ထမ်းများက စားသုံးသူရေးရာ အသိပညာပေး လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)စော်ထက်(သရက်)**

# ဖတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး

## မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ် (MIIT) ၌ ၂၀၂၅ -၂၀၂၆ ပညာသင်နှစ် Fresher Welcome &Orientation Programme အခမ်းအနား ကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်ရှိ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်(MIIT)၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ဘာသာရပ်ဆိုင်ရာမိတ်ဆက်ဆွေးနွေးခြင်း အခမ်းအနားကို နိုဝင်ဘာ ၂၄ရက် နံနက် ၁၀ နာရီခွဲက ချမ်းအေးသာစံမြို့နယ် GTC ကျောင်းခန်းမဆောင်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်(MIIT)မှ ပါမောက္ခချုပ်ကိုယ်စား ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာခိုင်ညွန့်မြိုင်က မောင်မယ်သစ်လွင် ကျောင်းသား၊ ကျောင်းသူများအား ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး ဒုတိယပါမောက္ခချုပ်(သင်ကြား) ဒေါက်တာမြတ်သူဇာထွန်းက Academic Process များ သင်ကြားသင်ယူမှု လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ သဘာဝသိပ္ပံဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာကေသွယ်ကြွယ်အေးက ကျောင်းသား၊ ကျောင်းသူများအား ကျောင်းစည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ Student Code of Conduct နှင့် Academic Counseling Board (ACB) နှင့်သက်ဆိုင်သော လိုက်နာရန် အချက်အလက်များ၊ ကျောင်းစည်းကမ်းများ မလိုက်နာပါက ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ကွန်ပျူတာသိပ္ပံမဟာဌာန၊ ကွန်ပျူတာစနစ်နှင့် နည်းပညာမဟာဌာန၊ သုတသိပ္ပံမဟာဌာန၊ တွက်ချက်ရေးမဟာဌာန၊ Data Center ဌာန၊ သတင်းအချက်အလက်နည်းပညာထောက်ပံ့ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးဌာန၊ အင်္ဂလိပ်စာဌာန၊ မြန်မာစာဌာန၊ စီမံရေးရာဌာန၊ သင်တန်းရေးရာဌာနတို့မှ ပါမောက္ခဌာနမှူး ဆရာ၊ ဆရာမများက ဘာသာရပ်ဆိုင်ရာမိတ်ဆက်စကား၊ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး တက္ကသိုလ်ဆေးခန်းမှ လက်ထောက်ဆရာဝန် ဒေါက်တာလှဲ့သီရိကိုတို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။

အခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခဌာနမှူးများ၊ အသစ်ရောက်ရှိလာသော မောင်မယ်သစ်လွင် ကျောင်းသား၊ ကျောင်းသူ ၉၆ ဦးနှင့် ကျောင်းသား၊ ကျောင်းသူမိဘများ တက်ရောက်ခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူး၍ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**အလင်းသစ်**

**(ချမ်းစည်-ပြန်/ဆက်)**



## Mobile Library စနစ်ဖြင့် စာအုပ်၊ စာစောင်များ အခမဲ့ကွင်းဆင်းငှားရမ်းပေး

**ကျိုင်းလပ် နိုဝင်ဘာ ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ ကျိုင်းလပ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက Mobile Library စနစ်ဖြင့် စာအုပ်၊ စာစောင်များ အခမဲ့ကွင်းဆင်းငှားရမ်းခြင်းကို နိုဝင်ဘာ ၂၅ ရက် နံနက်က နယ်မြေရဲစခန်းရှိ အိမ်ထောင်သည်လိုင်းခန်းသို့ သွားရောက်ငှားရမ်းခဲ့ကြသည်။

ထိုသို့ Mobile Library စနစ်ဖြင့် စာအုပ်၊ စာစောင်များ ငှားရမ်းပေးခြင်းဖြင့် စာကြည့်တိုက်သို့ လာရောက်ရန်အခက်အခဲရှိသည့် စာဖတ်ပရိသတ်များ စာပေဖတ်ရှုလေ့လာနိုင်စေရန်၊ စာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိစေရန်နှင့် စာဖတ်သူတိုးပွားလာစေရန်ရည်ရွယ်၍ ငှားရမ်းပေးခြင်းဖြစ်ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက Mobile Library စနစ်ဖြင့် သုတ၊ ရသ၊ ဝတ္ထု၊ မဂ္ဂဇင်း၊ ရုပ်ပြကာတွန်း အပါအဝင် စာအုပ်ပေါင်း ၅၀ ကို ယူဆောင်၍ ကျိုင်းလပ်နယ်မြေရဲစခန်းရှိ အိမ်ထောင်သည်လိုင်းခန်းရှိ စာဖတ်ပရိသတ်များထံ အရောက်သွား၍ ယခင်ငှားရမ်းထားသော စာအုပ်၊ စာစောင်အပ်နှံမှုကို ပြန်လည်လက်ခံခြင်း၊ စာအုပ်၊ စာစောင်အသစ်များ ထပ်မံငှားရမ်းပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ဦးစီးဌာနအနေဖြင့် နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ပေးခြင်းဖြင့် စာကြည့်တိုက်သို့ မလာရောက်နိုင်သူများအတွက် စာအုပ်၊ စာပေများလေ့လာဖတ်ရှုခွင့်ရရှိကြပြီး စာပေချစ်မြတ်နိုးသူများအနေဖြင့်လည်း စာပေနှင့် ဝေးကွာခြင်းမရှိဘဲ အဆင်ပြေစေရန်ရည်ရွယ်၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**




## (၂၈)နှစ်မြောက် မန်းနေ့စဉ် နှစ်ပတ်လည်သို့

* မန္တလေးနဲ့အတူ
မခွဲကြည်ဖြူ သတင်းကိုယူ
မန်းပြည်သူ နံနက်ခင်းအတွက်
ပွဲတည်ရင်း တင်ဆက်သမှု…။

* မန်းတောင်ညိုရိပ်
အတိတ်က သန္ဓေထူ
သူတစ်မူ သတင်းစာလောက
တင်ဆက်ပြ သူ့သက်တမ်းဟူ
ဆောင်ယူကာ “နှစ်ဆယ့်ရှစ်” ပြည့်ခဲ့ပြီ ။

* မျက်နှာဖုံး ခေါင်းကြီးသတင်းတွေနဲ့
ကာလသွဲ့ အဆင်တစ်မူ
ဆောင်ယူပါ တွင်းသတင်းစုံ
ပေါင်းခြုံကာ ကဏ္ဍကုန်လေ
ရသပြုံ့ ဖတ်ကြပါဦး ။

* အမြို့မြို့သတင်းတွေဖတ်ရှု
ပညာပေးမှု မှုခင်းပါစုံ
နိုင်ငံခြုံ အားကစားသတင်းနဲ့
တည်ရင်းမသွေ ကဗျာ, ဆောင်းပါး
လက်ကမ်းအား သူ တာဝန်ကျေ
မန်းမြေက သတင်းစာ “သူ”ပေါ့ ။

* မန်းတိုင်းတစ်ခွင်နဲ့
အမြို့မြို့ နယ်သတင်းအပြင်
ရသခွင် ဝတ္ထုတိုကဏ္ဍ
လက်မချ ကာတွန်းလည်း ပါတယ်
သူ့ မူကျယ် ဖတ်ပျော်မဆုံး ။

* လောကနဲ့ အဆက်မပြတ်ချင်
ပြည်တွင်းအပြင် ပြည်ပကိုချဲ့
သုတမှု သတင်းအစုံ
ပေါင်းခြုံကာ လေ့လာဖတ်မယ်
မန်းနေ့စဉ်,ရယ် သတင်းစာ သူပဲ ။

* သူ့တာဝန် သူ့ခရီးလမ်း
လျှောက်လှမ်းကာ သူ့ဘက်တော်သားတွေနဲ့
သိုင်းဝိုင်းရဲ့ သတင်းဝန်ထမ်း
မှီကမ်းပါ စာရေးဆရာ
ပျော်ရှာတယ် ပြန်လှန်ကျိုးပြု
ဟော…ယခု (၂၈)နှစ်တိုင်ပြီ
ခိုင်တည်ပါ တာဝန်ကျေလှတယ်
မန်းနေ့စဉ်ရယ် မန်းမြို့နဲ့အတူတွဲ…။ ။

**ရေချမ်း-မန်း**

# သတင်းစာ ဘာလဲ၊ ဘယ်လဲ

**နိုင်ဗလ**

**'လုပ်ငန်းတစ်ခုခုလုပ်လျှင် ရည်ရွယ်ချက်ရှိရစမြဲဖြစ်သည်။ ထိုရည်ရွယ်ချက်များမှာ (၁)တိုင်းပြည်တိုးတက်ကြီးပွားရေး၊ (၂)ပြည်သူအများဗဟုသုတကြွယ်ဝရေး၊ (၃)လူနေမှုနှင့်စပ်လျဉ်းသော စားဝတ်နေရေးတိုးတက်ကောင်းမွန်ရေး အစရှိသည့် တိုင်းပြည်ကောင်းကျိုးကို ဆောင်ရွက်မည်ဆိုသော မျိုးချစ်စိတ်ဖြစ်သည်။တစ်နည်းအားဖြင့် တိုင်းပြည်ကို မြှင့်တင်မည်ဆိုသော ရည်ရွယ်ချက်ဖြစ်သည်။**

**ဦးယုမောင်**
**အယ်ဒီတာချုပ်**
**ရန်ကုန်သတင်းစာ(၁၉၆၂)**

ဆရာကြီး ဦးယုမောင်က ညွှန်းဆိုခဲ့သော အဆိုဖြစ်သည်။ ဆရာကြီးလုပ်ကိုင်နေသော သတင်းစာနယ်ပယ်ရှုထောင့်မှနေ၍ တင်သွင်းခဲ့သော အဆိုဖြစ်ပေသည်။ သတင်းစာလုပ်ငန်းကို အဘယ့်ကြောင့် တည်ထောင်လုပ်ကိုင်ကြသနည်း သတင်းများကို သိလိုသော သတင်းများကို လိုအပ်သော လူမှုအဖွဲ့အစည်း(တစ်နည်း)ပြည်သူတို့အတွက် လိုအပ်ချက်ကို ဖြည့်တင်းရန်အတွက် တည်ထောင်လုပ်ကိုင်လာကြခြင်းဖြစ်သည်။ ထိုသို့ လူသားတို့ လိုလားသိမြင်လိုကြသည့် သတင်းကို အချို့ကလည်း စီးပွားရေးလုပ်ငန်းကြီးတစ်ခုအဖြစ် ပုံသွင်းလုပ်ကိုင်ကြသည်။ လူသားတို့၏ လိုအင်ဆန္ဒကို အသုံးချ၍ စီးပွားရေးပုံသဏ္ဌာန်ဖန်တီးလုပ်ကိုင်ကြခြင်းဖြစ်သည်။ အကျိုးအမြတ်ကို ဦးတည်လုပ်ကိုင်သော အရင်းရှင်သတင်းစာမျိုးဖြစ်သည်။ ထိုသို့သော သတင်းစာမျိုးတွင် မလိုလားအပ်သော အဆိပ်အတောက်ရှိသည့် သတင်းစာမျိုးဖြစ်လာတတ်သည်။ စီးပွားရေးကိုသာ အဓိကဦးတည်ကြသည်။ သတင်းစာလောကတွင် ထိုကဲ့သို့သော သတင်းစာမျိုးကို အဝါရောင်သတင်းစာဟု ခေါ်တတ်ကြသည်။ များသောအားဖြင့် ပုဂ္ဂလိက သတင်းစာများဖြစ်သည်။

အကျိုးပြုသတင်းစာတစ်စောင်တည်ဆောက်ရာတွင် ပြည်သူသိသင့်သိထိုက်သည့် သတင်းများ၊ သတင်းဆောင်းပါးများနှင့် အဓိကအားဖြင့် တည်ဆောက်ထားသည်။ အခြံအရံအနေဖြင့် ကာတွန်း၊ ကဗျာ၊ ဝတ္ထုတို၊ ဗဟုသုတဖြစ်ဖွယ် ဆောင်းပါးများ၊ ကြော်ငြာများဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်။ အထက်တွင် ဖော်ပြခဲ့သော ဆရာကြီး ဦးယုမောင်၏ အဆိုအတိုင်း အများအတွက် (တိုင်းပြည်အတွက်)ရည်ရွယ်လုပ်ကိုင်တည်ထောင်သော သတင်းစာတစ်စောင်သည် ဦးတည်ရည်ရွယ်ချက်ကောင်းရှိကိုရှိသည်သာဖြစ်သည်။ တိုင်းပြည်တိုးတက်ကြီးပွားရေးအတွက် အများပြည်သူသိသင့်သိထိုက်သော သတင်းများကို ထုတ်ပြန်ပေးနိုင်ရန် ကြိုးစားရမည်သာဖြစ်သည်။ ပြည်တွင်းမှ သတင်းများသာမက ကမ္ဘာအနှံ့ မည်ကဲ့သို့ ကြီးပွားတိုးတက်အောင် ဆောင်ရွက်နေသည်များကို အတုယူဆောင်ရွက်နိုင်စေရန် ထုတ်ပြန်ပေးခြင်းဖြစ်သည်။ ပြည်သူအများ ဗဟုသုတကြွယ်ဝစေရေးအတွက်လည်း သတင်းစာတွင် တာဝန်ရှိသည်။ သတင်းစာတွင် ဖော်ပြသော ဗဟုသုတ ဆောင်းပါး၊ အတွေးအမြင်၊ ဘာသာရေး၊ အသိပညာ၊ အတတ်ပညာဆောင်းပါးများ၊ ဝတ္ထုများသည် ပြည်သူများ ဗဟုသုတကြွယ်ဝစေရေးအတွက် အသိပညာများရစေသည်။ သတင်းစာ ဖန်တီးထုတ်လုပ်ရာတွင် နေ့စဉ်မှီဝဲနေရသော မသုံးဆောင်မဖြစ် သုံးဆောင်နေရသော အာဟာရထမင်းပွဲတစ်ပွဲကဲ့သို့ ဖန်တီးနိုင်ရသည်။ ထမင်းပွဲသည် ဈေးနှုန်းသက်သာရမည်။ ချို၊ ချဉ်၊ ဖန်၊ စပ်၊ ခါးရသစုံပါဝင်ရမည်။ ကောင်းနိုးရာရာ စိတ်ကျေနပ်ဖွယ်ဟင်းလျာလည်းပါဝင်ရမည်။ အာဟာရလည်း ပြည့်ဝရမည်ဖြစ်သည်။ သတင်းစာတွင်လည်း စာဖတ်သူ သိသင့်သည့်သတင်းလည်းပါဝင်ရမည်။ စိတ်အာဟာရ၊ ဦးနှောက်ဆိုင်ရာ အာဟာရ၊ ကျန်းမာရေးအတွက် အသိပညာ၊ နေ့စဉ်နေထိုင် ရေးဗဟုသုတတို့ ပါဝင်ရမည်ဖြစ်သည်။ အများပြည်သူတို့အတွက် နိုင်ငံရေးသည် သတင်းဖြစ်သည်။ စီးပွားရေးသည် သတင်းဖြစ်သည်။ ပညာရေးသည် သတင်းဖြစ်သည်။ ကျန်းမာရေးသည်လည်း သတင်းဖြစ်သည်။ မိုးလေဝသသည် သတင်းဖြစ်သည်။ ကုန်ဈေးနှုန်းသည်လည်း သတင်းဖြစ်သည်။ သတင်းအချိန်မီရက မုန်တိုင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်ကိုပင် ကာကွယ်နိုင်သည်။ ယနေ့ကမ္ဘာတစ်လွှားတွင် ဖြစ်ပွားနေသော အခြေအနေများကို ကြည့်လျှင် အင်အားကြီးသူနှင့် ငယ်သူ၊ နေဥစ္စာကြွယ်ဝသူနှင့် နွမ်းပါးသူ၊ ဘာသာမတူတို့ကြားတွင် ပဋိပက္ခများနှင့် ပြည့်နှက်လျက်ရှိပြီး စည်းလုံးညီညွတ်မှုမရှိသော နိုင်ငံများတွင် ကြားဝင်သပ်လျှိုခံရမှုများ မြင်၍မျှမကောင်း၊ နားနှင့်မျှမဆန့် ကြားနေကြရသည်။ ထို့ကြောင့် မိမိတိုင်းပြည်ကောင်းကျိုးဆောင်ရွက်ရာတွင် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးဟူသော အချက်သည်လည်း အရေးပါသည်ကို တွေ့ရသည်။ ပထဝီနိုင်ငံရေးအရ အရေးပါသော နိုင်ငံများရှိ ပြည်သူများ၏ အသိပညာ ဗဟုသုတများ မြင့်မားအောင် ဆောင်ရွက်ပေးရန်မှာလည်း သတင်းစာတွင် တာဝန်ရှိသည်။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ဖော်ဆောင်ရာတွင်လည်း မိမိ၏ ယဉ်ကျေးမှုအနုပညာစံနှုန်းများ မပျောက်ပျက်အောင် ဖော်ပြနိုင်စွမ်းရမည်ဖြစ်သည်။

သတင်းစာတစ်စောင် ဖြစ်ပေါ်လာစေရန်အတွက် ရုပ်ဝတ္ထုပစ္စည်းပြီးလျှင် အဓိကအရေးကြီးသည်မှာ အယ်ဒီတာအဖွဲ့ဖြစ်သည်။ မည်သည့်စာနယ်ဇင်းတွင်မဆို အယ်ဒီတာသည် အခရာကျသည်။ စာအုပ်တစ်အုပ်ထုတ်လျှင် အယ်ဒီတာလိုသည်။ မဂ္ဂဇင်းထုတ်လျှင်လည်း အယ်ဒီတာလိုသည်။ ဂျာနယ်ထုတ်လျှင်လည်း အယ်ဒီတာလိုသည်။ သတင်းစာထုတ်လျှင်လည်း အယ်ဒီတာ လိုအပ်သည်သာဖြစ်သည်။ အယ်ဒီတာသည် စာနယ်ဇင်း၏ ဦးခေါင်းသဖွယ် ဦးနှောက်သဖွယ်ဖြစ်သည်။ မည်သည့်အရာမဆို၊ မည်သည့်စာနယ်ဇင်းမဆို အခြားအဖွဲ့၊ သတင်းထောက်၊ စာစီ၊ စာပြင်၊ ရုံးအဖွဲ့၊ သုတေသန၊ ကြော်ငြာ စသည်ဖြင့် အားလုံးအရေးပါသည်။ စုပေါင်းအားဖြင့် ဆောင်ရွက်ရသည်ဖြစ်သော်လည်း မူဝါဒတည်းဖြတ်မှုပိုင်းနှင့် ရေးသားမှုပိုင်းတို့တွင် အယ်ဒီတာအဖွဲ့က ဦးဆောင်ရသည်သာဖြစ်သည်။ မည်သည့်နိုင်ငံတွင်မဆို အယ်ဒီတာမပါသော စာနယ်ဇင်း၊ သတင်းစာကို ထုတ်ဝေခွင့်မပြုသည်ကို သတိချပ်ရပေမည်။ အထူးသဖြင့် သတင်းစာတွင် သက်ဆိုင်ရာနယ်ပယ်အလိုက် အယ်ဒီတာများကို အထူးပြုခန့်ထားလေ့ရှိသည်။ သတင်းအယ်ဒီတာ၊ အားကစားအယ်ဒီတာ၊ စာပေယဉ်ကျေးမှုအယ်ဒီတာ (ဆောင်းပါး၊ ကဗျာ)စသည်ဖြင့် အလုပ်တွင်ကျယ်အောင် ခန့်ထားရသည်။ သို့သော် အခြေအနေအရ နည်းနည်းနှင့်ကျဲကျဲပိုင်းရသော အခြေအနေရှိသည့် သတင်းစာတို့တွင် အယ်ဒီတာတစ်ဦးချင်းကဏ္ဍစုံ တာဝန်ယူစိစစ်တည်းဖြတ်ရသည့်အခါ ရှိပေသည်။ ထို့ကြောင့် အယ်ဒီတာ ရွေးချယ်ရာတွင် စာပေနယ်၊ သတင်းနယ်ကဏ္ဍစုံနှံ့စပ်သူ(သို့မဟုတ်)စာပေပုံစံအမျိုးမျိုး ဖန်တီးနိုင်သူ(သတင်း၊ ဆောင်းပါး၊ ဝတ္ထု၊ ကဗျာ၊ ကာတွန်း) သို့မဟုတ် တီးမိ၊ ခေါက်မိ အနည်းဆုံးရှိသူ ထိုကဏ္ဍများတွင်လည်း အမှန်တကယ်နားလည်သူ၊ နိုင်ငံတော်၏ မူဝါဒများကို တစ်သဝေမတိမ်းလိုက်နာနိုင်သူများသာ အယ်ဒီတာဖြစ်သင့်သည်ကို သတိချပ်ရမည်ဖြစ်သည်။ သတင်းစာသမားအများစုသည် 'လွတ်လပ်စွာ ရေးသားပိုင်ခွင့်ရှိရမည်'ဟူသော အစွဲရှိကြသည်။

လွတ်လပ်စွာ ရေးသားခွင့်နှင့် ဆက်စပ်၍ ၁၉၆၂ ခုနှစ်တွင် ဂါဒီယန်သတင်းစာ အယ်ဒီတာချုပ် ဦးစိန်ဝင်းက **'စင်စစ်တာဝန်သိတတ်သော သတင်းစာဆရာတို့သည်သာ လွတ်လပ်စွာ ရေးသားခွင့်နှင့် ထိုက်တန်ပြီး လွတ်လပ်စွာရေးသားခွင့်ကို စောင့်ထိန်းနိုင်သူများဖြစ်ကြောင်း၊ မည်သူမျှ မငြင်းနိုင်ပါ။ လွတ်လပ်စွာ ရေးသားခွင့်ရှိသော သတင်းစာသည်သာ တိုင်းပြည်အကျိုးကို ပိုမိုထိရောက်စွာ စွမ်းဆောင်နိုင်သော သတင်းစာဖြစ်ကြောင်းကိုလည်း မည်သူမျှ မငြင်းနိုင်ပါ'**ဟု ဆိုထားခဲ့ဖူးသည်။ မှန်ပေသည်။ သတင်းစာလွတ်လပ်ခွင့်ဟူသည် အရေးကြီးလှသည်။ မိမိလွတ်လပ်စွာရေးချင်သလို ရေးသဖြင့် အခြားသူများ၏ အကျိုးစီးပွား မလိုလားအပ်သည်များဖြစ်ခြင်း၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာ ထိပါးခံရခြင်းများဖြစ်ခြင်း၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်တို့ကို ထိပါးစေခြင်းဖြစ်လျှင် ထိုအရေးအသားသည် လွတ်လပ်စွာ ရေးသားခြင်းမဟုတ်၊ ပရမ်းပတာရေးသားခြင်းမျိုးဟု ဆိုရမည်ဖြစ်သည်။ မိမိရေးသားလိုက်ခြင်း၏ နောက်ဆက်တွဲ အကျိုးဆက်ကိုလည်း တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ရှိရမည်ဖြစ်သည်။ စည်းနှင့်ကမ်းနှင့် တာဝန်ယူမှု တာဝန်ခံမှုအပြည့်ဖြင့် အများအကျိုးနှင့် ရေးသားသော တာဝန်သိသူသာလျှင် လွတ်လပ်စွာ ရေးသားမှုနှင့် ထိုက်တန်သည်ကို သတိမူရမည်ဖြစ်သည်။

တာဝန်ယူမှု၊ တာဝန်ခံမှုလည်းရှိ၊ စာပေပုံစံအမျိုးမျိုး၊ တတ်သိနားလည်သူမျိုးလည်းဖြစ်မှသာ အယ်ဒီတာတာဝန်ထမ်းဆောင်ရန်သင့်တော်မည်ဖြစ်သည်။ မြန်မာစာပေဆိုင်ရာ ဝေါဟာရများ၊ ဒေသိယစကားများ၊ ပထဝီနှင့် ယဉ်ကျေးမှု၊ ဘာသာရေးများကို တီးခေါက်မိနိုင်ရမည်ဖြစ်သည်။ စာရေးသူ သတင်းစာ အယ်ဒီတာလုပ်သက် နှစ်ပေါင်းသုံးဆယ်ခန့်အတွင်း အစိုးရအဆက်ဆက် ကြုံခဲ့သည်။ မူဝါဒအပြောင်းအလဲများလည်း တွေ့ရသည်။ နိုင်ငံရေးအပြောင်းအလဲများနှင့်လည်း ကြုံခဲ့သည်။ အလုပ်ခွင်အခက်အခဲအကျပ်အတည်းမျိုးစုံကြုံခဲ့ရပြီးဖြစ်သည်။ ထို့ကြောင့် မည်သည့်ကွေ့တွင် မည်သို့လှော်ကြမည်ကို အတွေ့အကြုံအရ သိခဲ့ပြီးဖြစ်သည်။ မိမိတို့အထက်မှ တာဝန်ပေးသူအမျိုးမျိုး၊ မိမိတို့အလုပ်ကို ဝေဖန်သူအမျိုးမျိုးတို့ကို ကြုံခဲ့ရသည်။ တချို့က သတင်းစာတိုးတက်ရန် အကြံပေးသည်ဟုဆိုတာ၊ သတင်းစာတွင် ပါဝင်သင့်သည့် ကဏ္ဍများကို သူတို့လိုလားသလို၊ ဖြစ်စေချင်သလို ပုံစံသွင်း၍ လမ်းကြောင်းကြသည်။ သို့သော် သတင်းစာဟူသည် စာမျက်နှာ အနည်းငယ်ပေါ်တွင် သတင်း၊ သုတ၊ ရသ၊ ဖျော်ဖြေရေး၊ ကြော်ငြာ စသည်ဖြင့် ပါအောင်ထည့်ရ၍ သူတို့ပုံစံသွင်းချင်သည့်အတိုင်း လုပ်ဆောင်၍ မရသည်ကို အလိုမကျကြ။ တချို့ကလည်း သတင်းစာထဲတွင် ထည့်သွင်းဖော်ပြသော ဒေသိယစကားလုံးများကို နားမလည်၍ ဖြုတ်ချခိုင်းခဲ့သည်။ (ဒေသိယစကားများသည် ရိုးရာယဉ်ကျေးမှုနှင့် ဆက်နွှယ်သောကြောင့် သုံးသင့်သည်)ဥပမာ-အညာဒေသသုံး ထန်းလျှော်သည်ဟူသော စကားသုံးကို နားမလည်၍ ပြဿနာဖြစ်ခဲ့ဖူးသည်။ သတင်းစာ၏ Dummy အပြင်အဆင်နှင့်ပတ်သက်၍ ပြဿနာကြီးမားစွာ တက်ခဲ့ရဖူးသည်။သတင်းစာအပြင်အဆင်ကို သတင်းစာပညာမတတ်သိသူက ဝင်ရောက်ခြယ်လှယ်ခြင်းမျိုးဖြစ်သည်။သတင်းဆောင်းပါး၊ဆောင်းပါးတို့တွင်လည်း နေရာကျန်ရှိက ဆောင်းပါးအားဖတ်ချင်စိတ်ဖြစ်ပေါ်လာစေရန် ဟိုက်လိုက်ထုတ်သော စကားလုံးလေးများဖြင့် တန်ဆာဆင်ပေးရသည်။ဟိုက်လိုက်စကားလုံးများသည် ဆောင်းပါးတစ်ပုဒ်လုံးကို ခြုံငုံမိစေသော စကားများ(သို့မဟုတ်) ဆောင်းပါးထဲမှ ထိမိသော အသုံးများကို ထုတ်နုတ်ပေးရသည်။ သတင်းစာဟူသည် တက်သုတ်ရိုက်ထုတ်ရသော ကသောကမျော စာပေဖြစ်သလို ဖတ်သူအများစုကလည်း အသေးစိတ်ဖတ်ခြင်းထက် ခေါင်းစဉ်ကြည့်၍ စိတ်ဝင်စားမှ ဖတ်ကြသည်။ ဆောင်းပါးကို စာရေးသူ၊ ခေါင်းစဉ်၊ ဟိုက်လိုက်ကို ဦးစွာကြည့်၍ စိတ်ဝင်စားမှဖတ်သော အလေ့ရှိကြသည်။ ထိုသို့ဟိုက်လိုက်ထုတ်ခြင်းမျိုးကိုလည်း စာမျက်နှာနေရာပုပ်သည်ဟုဆိုကာ ဖယ်ရှားခံရဖူးသည်။ သတင်းစာ၏ သဘောတရားအရ နိုင်ငံတော်၏ ထည့်သွင်းဖော်ပြသင့်သော ပေါလစီသတင်းနှင့် စာပေများဖြစ်သော်လည်း ငြီးငွေ့မည်ကိုကြောက်၍ အကြောက်တရားကြောင့် အများပြည်သူအတွက် ဖော်ပြခြင်းကို ကန့်သတ်ခံခဲ့ရဖူးသည်။ အကယ်၍ ထည့်သွင်းဖော်ပြလျှင် သက်ဆိုင်ရာ အယ်ဒီတာက တာဝန်ယူဖြေရှင်းရမည်သာဖြစ်သည်။ နိုင်ငံတော်အတွက် အရေးပါသော သတင်းများအား ချုပ်ထိန်းခြင်း၊ ဝေါဟာရ အဓိပ္ပာယ်များကို နက်နဲစွာနားမလည်သောသူများလာခြင်း၊ သတင်းစာပုံစံနှင့် တိုက်သုံးဟန်သဘော ဥပဒေများကို နားမလည်သူများလာခြင်းတို့သည် ပုဂ္ဂလိက သတင်းစာတွင် မသိသာသော်လည်း နိုင်ငံပိုင်သတင်းစာများတွင် အရည်အသွေးကို ကျဆင်းစေနိုင်သည်။

ယနေ့ခေတ်ကာလသည် သတင်းကို ဆိုရှယ်မီဒီယာများပေါ်မှ စက္ကန့်ပိုင်းအတွင်း သိနိုင်နေပြီဖြစ်သည်။ သို့သော် လက်ဆုပ်လက်ကိုင်မီဒီယာ (ခေါ်)ပုံနှိပ်မီဒီယာကား ချက်ခြင်းပျောက်ကွယ်သွားမည်မဟုတ် အွန်လိုင်းမီဒီယာအတွက် ပြင်ဆင်ထားသင့်သလို၊ ပုံနှိပ်မီဒီယာသတင်းစာကိုလည်း သတင်းစာပီသစွာ လုပ်ဆောင်နိုင်ရမည်ဖြစ်ပေသည်။

သတင်းစာထုတ်ရာတွင် သက်ဆိုင်ရာပညာရှင် အဆင့်ဆင့်ခန့်ထားခြင်း၊ သတင်းစာ၏လုပ်ငန်းစဉ်များမှ သွေဖည်မှုမရှိခြင်း၊ သတင်းစာစောစီးစွာထွက်ရှိခြင်း(အွန်လိုင်းမှသတင်းများချက်ခြင်းသိနေပြီး သတင်းစာသည် နောက်ကျမှထွက်၍မဖြစ်စောနိုင်သမျှ စောစွာထွက်ရမည်)၊ အွန်လိုင်းမီဒီယာသည် လူတိုင်းတင်နိုင်သဖြင့် အလုံးစုံမမှန်ကန်နိုင်ပေ။ ပရင့်မီဒီယာသည် အထောက်အထားခိုင်မာသဖြင့် ပစ်ပယ်၍မရ၊ ယနေ့သတင်းစာသည် နက်ဖြန်သမိုင်းဖြစ်သည်။ သတင်းစာသည် သမိုင်းတင်ခံရသော စာဖြစ်သည်။ အွန်လိုင်းမှ သတင်းအများစုသည် သမိုင်းတင်၍ မရပေ။ အမှားအမှန်ရောနေသည်မှာ အများအသိပင်ဖြစ်သည်။

ထို့ကြောင့် သတင်းစာသည် သမိုင်းစာဖြစ်၍ ပစ်ပယ်၍မရ ဆက်လက်တည်တံ့နေဦးမည်ဖြစ်ပြီး စစ်မှန်သော သတင်းစာပညာရပ်များနှင့် သတင်းစာသဘောတတ်ကျွမ်းသူများဖြင့်သာ ဆောင်ရွက်မှ သတင်းစာ၏ လားရာအမှန်သို့ ရောက်မည်ဖြစ်သည်။ သတင်းစာဘယ်လဲ၊ ဘာလဲဆိုသည်မှာ သတင်းစာကိုလုပ်ကိုင်နေသူများ၏ အရည်အချင်းနှင့် ခံယူချက်၊ ပင်ပန်းခံနိုင်မှုတို့သည်သာ အခရာဟု ဆိုရမည်ဖြစ်ပေသည်။

❖ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို မိမိတို့အနေဖြင့် ရှေးမူမပျက်စေဘဲ ပြန်လည်ထိန်းသိမ်းဆောင်ရွက်ထားရှိခြင်းသည် အနာဂတ်လူငယ်များအနေဖြင့် မျိုးချစ်စိတ်ဓာတ်များ ပိုမိုထွန်းကားလာအောင် ဆောင်ရွက်ပေးခြင်းပင်ဖြစ်...

❖ ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ရှေးဟောင်းသမိုင်းဝင်အထင်ကရ အမွေအနှစ်များဖြစ်သည့်အတွက် စနစ်တကျဖြင့် ပုံစံတကျဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်သွားကြရန်လို...

( နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့တွင် ပဲခူးမြို့၊ ကမ္ဘောဇသာဒီ ရွှေနန်းတော်ကြီး ထိန်းသိမ်းထားရှိမှုအား ကြည့်ရှုစစ်ဆေးစဉ် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်အဆောက်အအုံကိုးလုံး ထပ်မံဖြိုချဖျက်ဆီး၊ ရွှေကုက္ကိုလ်နယ်မြေအတွင်းမှ တရားမဝင်ပြည်ပနိုင်ငံသား ၁၉၅ ဦးတို့အား ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် နိုဝင်ဘာ ၂၆

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများကို အများဆုံးကျူးလွန်လျက်ရှိသည့် မြဝတီမြို့နယ်ရှိ ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများပါဝင်သည့် ပူးပေါင်းစစ်ဆင်ရေးအဖွဲ့များဖြင့် ဝင်ရောက်ရှင်းလင်းခြင်း၊ တရားမဝင်အဆောက်အအုံများနှင့် အွန်လိုင်းလိမ်လည်မှုများတွင် အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများအား စနစ်တကျဖြိုချဖျက်ဆီးခြင်း၊ တရားမဝင် ပြည်ပနိုင်ငံသားများအား ဖော်ထုတ်ဖမ်းဆီးအရေးယူဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာနိုင်ငံများသို့ ပြည်နှင်လွှဲပြောင်းပေးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၁၀ သို့ ✣



တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့် စစ်ဆေးဆောင်ရွက်မှုများ ပြုလုပ်နေမှုကို တွေ့ရစဉ်။

## ယနေ့ ဖတ်စရာအညွှန်း


ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ
စာမျက်နှာ ၂

ထိုင်းနိုင်ငံတောင်ပိုင်း၌ ရေကြီးရေလျှံမှုဖြစ်၊ အရေးပေါ် အခြေအနေ ကြေညာ
စာမျက်နှာ ၈

နည်းပြ ဂွါဒီယိုလာ မန်စီးတီးအသင်း နည်းပြဘဝ ချန်ပီယံလိဂ် ပွဲပေါင်း ၁၀၀ ပြည့်မြောက်
စာမျက်နှာ ၁၁

သတင်းစာဘာလဲ၊ ဘယ်လဲ(ဆောင်းပါး)
စာမျက်နှာ ၁၆


# ကိုပင်ဟေဂင်အသင်းက ကိုင်ရတ်အသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရယူ ပါဖို့စ်နှင့် မိုနာကိုတို့ တစ်ဖက်နှစ်ဂိုးစီ သရေကျ




**လန်ဒန် နိုဝင်ဘာ ၂၆**

ဥရောပ ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ အမှတ်ပေးလိဂ်အဆင့် ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် နံနက် ၁၂ နာရီ ၁၅ မိနစ်က ကိုပင်ဟေဂင်အသင်းနှင့် ကိုင်ရတ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကိုပင်ဟေဂင်အသင်းက ကိုင်ရတ်အသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယခုပွဲစဉ်တွင် ကိုပင်ဟေဂင်အသင်းနှင့် ကိုင်ရတ်အသင်းတို့ တစ်ဖက်နှင့်တစ်ဖက်အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပွဲပြီးဆုံးချိန်တွင် ကိုပင်ဟေဂင်အသင်းက ကိုင်ရတ်အသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ကိုပင်ဟေဂင်အသင်းအတွက် သွင်းဂိုး သုံးဂိုးကို ပွဲချိန် ၂၆ မိနစ်တွင် ဒက်ဆန်၊ ပွဲချိန် ၅၉ မိနစ်တွင် ဂျော်ဒန်၊ ပွဲချိန် ၇၃ မိနစ်တွင် ရိုဘတ်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

ဆက်လက်၍ ယနေ့ မြန်မာစံတော်ချိန် နံနက် ၁၂ နာရီ ၁၅မိနစ်က ပါဖို့စ်အသင်းနှင့် မိုနာကိုအသင်းတို့ ပွဲစဉ်တွင်လည်း တစ်ဖက်နှစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ပါဖို့စ်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၁၈ မိနစ်တွင် ဒေးဗစ်လုစ်၊ ပွဲချိန် ၈၈ မိနစ်တွင် ဆာလပ်စ်(OG)တို့က သွင်းယူပေးခဲ့ပြီး၊ မိုနာကိုအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကိုမူ ပွဲချိန် ၅ မိနစ်တွင် မီနာမီနို၊ ပွဲချိန် ၂၆ မိနစ်တွင် ဘာလိုဂန်တို့က အသီးသီးသွင်းယူပေးခဲ့သည်။

ဥရောပ ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ အမှတ်ပေးလိဂ်အဆင့် ပွဲစဉ် ၅ ပွဲကစားအပြီးတွင် မိုနာကိုအသင်းက ရမှတ် ၆ မှတ်ဖြင့် အဆင့် ၂၂ နေရာ၊ ပါဖို့စ်အသင်းက ရမှတ် ၆ မှတ် ဂိုးကွာခြားချက်ဖြင့် အဆင့် ၂၃ နေရာ၊ ကိုပင်ဟေဂင်အသင်းက ရမှတ် ၄ မှတ်ဖြင့် အဆင့် ၂၉ နေရာ၊ ကိုင်ရတ်အသင်းက ရမှတ် ၁ မှတ်ဖြင့် အဆင့် ၃၅ နေရာတို့တွင် ရပ်တည်လျက်ရှိသည်။

**(NGB)**